# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်

# (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး

# ပထမနေ့ မှတ်တမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃ ဦး ကတိသစ္စာ ပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း | ၁ |
| ၃ | ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင် ကျင်းပကြောင်း ကြေညာခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း | ၃ |
| ၅ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်း တင်ခြင်း | ၅ |
| ၆ | ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားခြင်း | ၅ |
| ၇ | ပြည်သူ့လွှတ်တော် ကော်မတီများတွင် ကော်မတီဥက္ကဋ္ဌ ပြောင်းလဲ တာဝန်ပေးအပ်ခြင်း၊ ကော်မတီ အဖွဲ့ဝင် ပြောင်းရွှေ့ခြင်း၊ အစားထိုး လဲလှယ်ဖွဲ့စည်းခြင်းနှင့် ပယ်ဖျက်ခြင်းတို့နှင့်စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း | ၆ |
| ၈ | ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာ ကော်မတီ ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း | ၇ |
| ၉ | ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက တိုင်ကြားစာနှင့် အသနား ခံစာဆိုင်ရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် စပ်လျဉ်း၍ ဖတ်ကြားတင်ပြခြင်း | ၇ |
| ၁၀ | ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာ ကော်မတီတွင် ပါဝင်ရန်လျာထားသည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည် စာရင်းကို ပြည်သူ့လွှတ်တော်သို့ တင်ပြခြင်း | ၁၁ |
| ၁၁ | ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိစာအုပ်ကို ရေးသားပြုစုထုတ်ဝေရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၁၂ |
| ၁၂ | တောင်သူကြီးများ မိသားစုအလိုက် ဝင်ငွေပိုမိုတိုးတက်ရရှိရေးအတွက် အဖိုးတန်နှစ်ရှည်သီးနှံ တစ်မျိုးဖြစ်သော လျှော်ဖြူပင်ခေါ် ဆေးကုလားမပင် စိုက်ပျိုးထုတ်လုပ်ခြင်းကို နယ်ပယ်ဒေသ အသီးသီးတွင် စိုက်ပျိုးလုပ်ကိုင်နေကြပြီဖြစ်သဖြင့် နိုင်ငံတော်အစိုးရမှ ဈေးကွက်ခိုင်မာသည့် နိုင်ငံခြားပို့ကုန်အဆင့်အထိ ရောက်ရှိအောင် | ၁၄ |

မည်ကဲ့သို့ ကူညီဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း

၁၃ သံဖြူဇရပ်မြို့လယ်ခေါင်၊ ပြည်ထောင်စုလမ်းမနံဘေးရှိ ကုန်သွယ်လယ်ယာနှင့် သမဝါယမအသင်းစုပိုင် ဂိုဒေါင်မြေနေရာတွင် မြို့တော်ခန်းမ ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း ၁၈

၁၄ အုတ်တွင်းမြို့နယ်၊ ဘန့်ဘွေးကုန်းကျေးရွာအုပ်စုရှိ ရပ်ဆိုင်းထားသော ချဉ်ပေါင်ပျော့ ဖတ်စက်ရုံအား BOT စနစ်ဖြင့် အထည်ချုပ်လုပ်ငန်းအနေဖြင့် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း ၂၂

၁၅ မုံရွာမြို့နယ်၊ ကြီးအုပ်ကျေးရွာအုပ်စု၊ ကြီးအုပ်ချောင်းအားပိတ်၍ ရေလှောင်တမံ အကောင်အထည် ဖော်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း ၂၆

၁၆ လှိုင်ကော်မြို့နယ်တွင် တည်ရှိသော ဒေါပေါ်ကလဲရွာငယ်မှ ဘုရားနီရွာအထိ အလျား ၈၅၀၀ ပေ၊ အကျယ် ၁၂ ပေ၊ ထု ၁၂ လက်မရှိ လယ်ယာကုန်ထုတ်မြေသားလမ်းအား ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း ၂၈

၁၇ ကောလင်းမြို့နယ်အတွင်း ဖြစ်ပွားခဲ့သော ဝက်နားရွက်ပြာနှင့် အခြားပူးတွဲရောဂါများကြောင့် ဝက်များထောင်ချီသေဆုံးကာ စီးပွားရေးပျက်စီးသွားသော မွေးမြူရေးသမားများအတွက် နိုင်ငံတော်မှ ထောက်ပံ့ကူညီပေးနိုင်ခြင်းရှိ/မရှိ၊ မွေးမြူရေးပြန်လည်ထူထောင်ရန် ငွေကြေးနှင့်နည်းပညာပံ့ပိုး နိုင်ခြင်းရှိ/မရှိ၊ ကူးစက်ရောဂါဖြစ်ပွား လာပါကထိန်းချုပ်ရေးအစီအစဉ်များ မည်သို့ဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း ၃၀

၁၈ ဦးအောင်ကြည်သိန်း၊ ချောင်းဆုံမဲဆန္ဒနယ်က နိုင်ငံတော်၏ လယ်ယာကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးအတွက် ပင်မအရင်းအမြစ် တစ်ခုဖြစ်သည့် မျိုးစေ့ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးနှင့် လက်တွေ့ကျကျ အကျိုးရှိထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် အရှိန်အဟုန်မြင့်တင်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့်အဆုံးအဖြတ်ရယူခြင်း ၃၆

၁၉ ဦးအောင်ကြည်သိန်း၊ ချောင်းဆုံမဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း ၄၀

၂၀ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော စားသုံးသူကာကွယ်ရေး ဥပဒေကြမ်းကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့အသိ ပေးတင်ပြခြင်း ၄၁
၂၁ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း ၄၂

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး

## ပထမနေ့ အစီအစဉ်

## [ ၂၁–၁–၂၀၁၉ ] (တနင်္လာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် **၃** ဦး ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း၊

၃။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၄။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ အစီအစဉ် ကြေညာခြင်း၊

၅။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၆။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားခြင်း၊

၇။ ပြည်သူ့လွှတ်တော် ကော်မတီများတွင် ကော်မတီ ဥက္ကဋ္ဌ ပြောင်းလဲတာဝန် ပေးအပ်ခြင်း၊ ကော်မတီအဖွဲ့ဝင်ပြောင်းရွှေ့ခြင်း၊ အစားထိုး လဲလှယ် ဖွဲ့စည်းခြင်း နှင့် ပယ်ဖျက်ခြင်း တို့နှင့် စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း၊

၈။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက တိုင်ကြားစာနှင့်အသနားခံစာဆိုင်ရာကော်မတီ ဖွဲ့စည်းရေး နှင့်စပ်လျဉ်း၍ ရှင်းလင်း ပြောကြားခြင်း၊

၉။ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက တိုင်ကြားစာနှင့်အသနားခံစာဆိုင်ရာ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်း၍ ဖတ်ကြား တင်ပြခြင်း၊

၁၀။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက တိုင်ကြားစာနှင့်အသနားခံစာဆိုင်ရာကော်မတီတွင် ပါဝင်ရန် လျာထားသည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို ပြည်သူ့လွှတ်တော်သို့ တင်ပြခြင်း၊

၁၁။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးမြင့်လွင်၊ တံ့တေး မဲဆန္ဒနယ်၏ **ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိ စာအုပ်ကို ရေးသားပြုစုထုတ်ဝေရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးစိုင်းဝေါင်းဆိုင်ဟိန်း၊ မောက်မယ် မဲဆန္ဒနယ်၏ **တောင်သူဦးကြီးများ မိသားစုအလိုက် ဝင်ငွေပိုမိုတိုးတက်ရရှိရေးအတွက် အဖိုးတန် နှစ်ရှည်သီးနှံတစ်မျိုးဖြစ်သော လျှော်ဖြူပင်ခေါ် ဆေးကုလားမပင် စိုက်ပျိုးထုတ်လုပ်ခြင်းကို နယ်ပယ်ဒေသအသီးသီးတွင် စိုက်ပျိုး လုပ်ကိုင်နေကြပြီ ဖြစ်သဖြင့် နိုင်ငံတော်အစိုးရမှ ဈေးကွက် ခိုင်မာသည့် နိုင်ငံခြားပို့ကုန်အဆင့်အထိ ရောက်ရှိအောင်မည်ကဲ့သို့ ကူညီဆောင်ရွက်ပေးမည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးညဏ်ဟိန်း၊ သံဖြူဇရပ် မဲဆန္ဒနယ်၏ **သံဖြူဇရပ်မြို့လယ်ခေါင်၊ ပြည်ထောင်စုလမ်းမ နံဘေးရှိ ကုန်သွယ်လယ်ယာနှင့် သမဝါယမ အသင်းစုပိုင် ဂိုဒေါင်မြေနေရာတွင် မြို့တော်ခန်းမ ဆောက်လုပ် ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဒေါ်ချိုချို၊ အုတ်တွင်း မဲဆန္ဒနယ်၏ **အုတ်တွင်းမြို့နယ်၊ ဘန့်ဘွေးကုန်း ကျေးရွာအုပ်စုရှိ ရပ်ဆိုင်းထားသော ချဉ်ပေါင်ပျော့ဖတ်စက်ရုံအား**

**BOT စနစ်ဖြင့် အထည်ချုပ်လုပ်ငန်းအနေဖြင့် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးညွန့်အောင်၊ မုံရွာ မဲဆန္ဒနယ်၏ **မုံရွာမြို့နယ်၊ ကြီးအုပ်ကျေးရွာအုပ်စု၊ ကြီးအုပ်ချောင်းအားပိတ်၍ ရေလှောင်တမံ အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(စ) ဒေါက်တာဒေါ်ခင်စည်သူ၊ လှိုင်ကော် မဲဆန္ဒနယ်၏ **လှိုင်ကော်မြို့နယ်တွင် တည်ရှိသော ဒေါပေါ်ကလဲရွာငယ်မှ ဘုရားနီရွာအထိ အလျား (၈၅၀၀)ပေ၊ အကျယ် (၁၂)ပေ၊ ထု (၁၂) လက်မရှိ လယ်ယာကုန်ထုတ် မြေသားလမ်းအား ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးမျိုးဇော်အောင်၊ ကောလင်း မဲဆန္ဒနယ်၏ **ကောလင်းမြို့နယ်အတွင်း ဖြစ်ပွားခဲ့သော ဝက်နားရွက်ပြာနှင့် အခြားပူးတွဲရောဂါများကြောင့် ဝက်များထောင်ချီသေဆုံးကာ စီးပွားရေး ပျက်စီးသွားသော မွေးမြူရေးသမားများအတွက် နိုင်ငံတော်မှ ထောက်ပံ့ကူညီပေးနိုင်ခြင်း ရှိ၊ မရှိ၊ မွေးမြူရေးပြန်လည်ထူထောင်ရန် ငွေကြေးနှင့် နည်းပညာ ပံ့ပိုးနိုင်ခြင်းရှိ၊ မရှိ၊ ကူးစက်ရောဂါ ဖြစ်ပွားလာပါက ထိန်းချုပ်ရေး အစီအစဉ်များ မည်သို့ဆောင်ရွက်ပေးမည်ကို သိလိုခြင်း**နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၁၂။ ဦးအောင်ကြည်သိန်း၊ ချောင်းဆုံ မဲဆန္ဒနယ်က **“နိုင်ငံတော်၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပင်မ အရင်းအမြစ်တစ်ခုဖြစ်သည့် မျိုးစေ့ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် လက်တွေ့ကျကျ အကျိုးရှိထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း”** အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ် ရယူခြင်း၊

၁၃။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၁၄။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော **"လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး ဥပဒေကြမ်း"** ကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊

၁၅။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော **"စားသုံးသူကာကွယ်ရေး ဥပဒေကြမ်း"** ကို လက်ခံ ရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊

၁၆။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# ပထမနေ့မှတ်တမ်း

**၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်**
**(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်)**
**(တနင်္လာနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့ အစီအစဉ် စတင်ပါတော့မယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှာ ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ကျွန်တော် ဦးတင်ဝင်းအောင်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်မှာဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃ ဦး ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက် ရက်စွဲပါကြေညာချက်အမှတ်(၄/၂၀၁၉)အရ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃ ဦး အစားထိုးပြောင်းလဲထားတာ ရှိပါတယ်။ ဒါကြောင့်

တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃ ဦးအနေဖြင့် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာဥပဒေပုဒ်မ ၈ ပုဒ်မခွဲ(ခ)အရ ဥက္ကဋ္ဌရဲ့ရှေ့မှောက်မှာ ကတိသစ္စာပြုပြီး လက်မှတ်ရေးထိုး ရမှာဖြစ်ပါတယ်။ ယခုကတိသစ္စာပြုရမယ့် ကိုယ်စားလှယ်များ မိမိစားပွဲပေါ်ရှိ ကတိသစ္စာပြုလွှာများ ကိုယူဆောင်ပြီး စင်မြင့်ရှေ့သတ်မှတ်ထားတဲ့နေရာမှာ နေရာယူပေးကြရန်ဖြစ်ပါတယ်။ ကျွန်တော်က ကတိသစ္စာကိုတိုင်ပေးတဲ့အခါ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃ ဦးက လိုက်ဆိုဖို့ ဖြစ်ပါတယ်။ ကွက်လပ်နေရာမှာ မိမိတို့ရဲ့အမည်ကို ထည့်သွင်းရွတ်ဆိုရန် ဖြစ်ပါတယ်။ ယခု ကတိသစ္စာပြုပါမယ်။ အစည်းအဝေးခန်းမအတွင်းရှိ ပုဂ္ဂိုလ်များအားလုံး မတ်တပ်ရပ်ပေးကြဖို့ ဖြစ်ပါတယ်။ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃ ဦး ကတိသစ္စာပြုချက်-

**[ဥက္ကဋ္ဌက အောက်ပါအတိုင်း ကတိသစ္စာကိုတိုင်ပေး၍ တပ်မတော်သား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၃ ဦးက ကတိသစ္စာပြုပါသည်။]**

"ကျွန်ုပ် -------------- သည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရပြီးဖြစ်သဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး နိုင်ငံတော်၏ ဥပဒေများ ကိုလည်း လိုက်နာပါမည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့် သိရှိသေပါမည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ်ဦးထိပ်ပန်ဆင်ဆောင်ရွက်ပါမည်။ ထို့အပြင် ယခု ကျွန်ုပ် ထမ်းဆောင်မည်ဖြစ်သော တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်မည်ဟု လေးနက် တည်ကြည်စွာ ကတိသစ္စာပြုပါသည်။"

**ဥက္ကဋ္ဌ**။ ။ ကိုယ်စားလှယ်များနှင့် ခန်းမအတွင်းရှိ ပုဂ္ဂိုလ်များထိုင်နိုင်ပါပြီ။

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃ ဦးသည် ဥက္ကဋ္ဌ၏ ရှေ့မှောက်တွင် ကတိသစ္စာပြုလွှာပေါ်၌ မိမိရဲ့အမည်၊ ရာထူးကို ရေးသား၍ လက်မှတ်ရေးထိုးပြီး အစည်းအဝေးအပြီးမှာ ပြည်သူ့လွှတ်တော်ရုံးသို့ ကတိသစ္စာပြုလွှာကို အပ်နှံကြရန်ဖြစ်ပါတယ်။ ယခု ကတိသစ္စာပြုပြီးသည့် ကိုယ်စားလှယ် ၃ ဦးသည် မိမိတို့အတွက် သတ်မှတ်ထားသည့်နေရာသို့ ပြန်လည်နေရာယူကြရန် ဖြစ်ပါတယ်။

[တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃ ဦး၏ အမည်စာရင်းအား နောက် ဆက်တွဲ(က)အဖြစ် ဖော်ပြအပ်ပါသည်။]

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် (၃) ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့ မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၃၃ ဦးရှိသည့်အနက် ၃၉၁ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၀.၃၀ ရာခိုင်နှုန်းရှိ

တဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ကြိဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၄ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စား ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၃ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၉၁ ဦးရှိကာ ယနေ့ခွင့်ပန်ကြားသူ ၄၂ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူ ကိုယ်စားလှယ်များကတော့-

(၁) ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း ခွင့် ၄ ရက်၊
(၂) သီပေါမဲဆန္ဒနယ်မှ ဦးစိုင်းသန့်ဇင် ခွင့် ၁ ရက်၊
(၃) ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး ခွင့် ၅ ရက်၊
(၄) ဆွမ်ပရာဘွမ်မဲဆန္ဒနယ်မှ ဦးလုံဂျုံဆန်မိုင် ခွင့် ၄ ရက်၊
(၅) တံတားဦးမဲဆန္ဒနယ်မှ ဒေါ်စိုးနွယ်အေး ခွင့် ၁ ရက်၊
(၆) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးထွန်းမြတ်ရွှေ ခွင့် ၅ ရက်၊
(၇) ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးဦးထွန်းမောင် ခွင့် ၅ ရက်၊
(၈) ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးအာမိုးဆီ ခွင့် ၁ ရက်၊
(၉) နောင်မွန်းမဲဆန္ဒနယ်မှ ဦးဂျီဖုန်ဆားရ် ခွင့် ၁၁ ရက်၊
(၁၀) ပူတာအိုမဲဆန္ဒနယ်မှ ဦးမိုးရွှေ ခွင့်၃ ရက်၊
(၁၁) ဖားကန့်မဲဆန္ဒနယ်မှ ဦးတင့်စိုး ခွင့် ၃ ရက်၊
(၁၂) မိုးမောက်မဲဆန္ဒနယ်မှ ဦးဝင်းအောင် ခွင့် ၃ ရက်၊
(၁၃) ဝိုင်းမော်မဲဆန္ဒနယ်မှ ဦးလဂန်ဇယ်ဂျုံး ခွင့် ၃ ရက်၊
(၁၄) မယ်စဲမဲဆန္ဒနယ်မှ ဦးသန်းလင်းလင်း ခွင့် ၅ ရက်၊

(၁၅) တီးတိန်မဲဆန္ဒနယ်မှ ဦးကျင့်ရှင်းထန် ခွင့် ၅ ရက်၊
(၁၆) တွန်းဇံမဲဆန္ဒနယ်မှ ဦးခမ်ခန့်ထန် ခွင့် ၄ ရက်၊
(၁၇) ထန်တလန်မဲဆန္ဒနယ်မှ ဒေါ်နီရွှေလျန်း ခွင့် ၄ ရက်၊
(၁၈) ဖလမ်းမဲဆန္ဒနယ်မှ ဒေါက်တာဆလိုင်းရီယန်းဗဲလ်(ခ)ဆလိုင်းရန်းဗယ် ခွင့် ၃ ရက်၊
(၁၉) အမ်းမဲဆန္ဒနယ်မှ ဒေါက်တာအေးမောင် အစည်းအဝေးပြီးဆုံးသည်ထိ၊
(၂၀) ကလောမဲဆန္ဒနယ်မှ ဒေါ်ပြုံးကေသီနိုင် ခွင့် ၁ ရက်၊
(၂၁) ဆီဆိုင်မဲဆန္ဒနယ်မှ ဦးခွန်သန်းထူး ခွင့် ၂ ရက်၊
(၂၂) နမ္မတူမဲဆန္ဒနယ်မှ ဒေါ်နန်းခမ်းအေး ခွင့် ၃ ရက်၊
(၂၃) မိုင်းကိုင်မဲဆန္ဒနယ်မှ ဦးစိုင်းဆိုင်မိုင်း ခွင့် ၅ ရက်၊
(၂၄) မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော် ခွင့် ၅ ရက်၊
(၂၅) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်အောင်ကျော် ခွင့် ၂ ရက်၊
(၂၆) လောက်ကိုင်မဲဆန္ဒနယ်မှ ဦးလူတယ်ဟုန်(ခ)ဦးအောင်ရွှေ ခွင့် ၁ ရက်၊
(၂၇) ပခုက္ကူမဲဆန္ဒနယ်မှ ဦးပိုက်ကို ခွင့် ၂ ရက်၊
(၂၈) သန်လျင်မဲဆန္ဒနယ်မှ ဦးလွင်ကိုလတ် ခွင့် ၃ ရက်၊
(၂၉) ကလေးမဲဆန္ဒနယ်မှ ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး ခွင့် ၅ ရက်၊
(၃၀) ကလေးဝမဲဆန္ဒနယ်မှ ဦးသန်းထွန်းမြင့် ခွင့် ၃ ရက်၊
(၃၁) ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေဇင်လတ် ခွင့် ၁၂ ရက်၊
(၃၂) လေရှီးမဲဆန္ဒနယ်မှ ဦးကျော်ဌေး ခွင့် ၁၂ ရက်၊
(၃၃) တနသ်ာရီမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဟိန်း ခွင့် ၁ ရက်၊
(၃၄) ပုလောမဲဆန္ဒနယ်မှ ဦးအုန်းခင် ခွင့် ၅ ရက်၊
(၃၅) မြိတ်မဲဆန္ဒနယ်မှ ဦးစိုးပိုင်ဌေး ခွင့် ၅ ရက်၊
(၃၆) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးအောင်စိုး ခွင့် ၅ ရက်၊
(၃၇) ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးဘုန်းမြင့်အောင် ခွင့် ၁ ရက်၊
(၃၈) မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း ခွင့် ၁၂ ရက်၊
(၃၉) ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ ခွင့် ၁ ရက်၊
(၄၀) ကျောက်ကြီးမဲဆန္ဒနယ်မှ ဦးမြင့်ငွေ ခွင့် ၁ ရက်၊
(၄၁) ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးဉာဏ်လင်း ခွင့် ၁ ရက်နှင့်
(၄၂) ရန်ကင်းမဲဆန္ဒနယ်မှ ဒေါ်ဇင်မာအောင် ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦးရှိပြီး ခွင့်ပန်ကြား၍ လွှတ်တော်က ခွင့်ပြုထားသူ ၄၂ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ နှစ်သစ်သမယမှာ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကောင်းကျိုးလိုအင်ဆန္ဒများ ပြည့်ဝနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ဒီနေ့ စတင်ကျင်းပတဲ့ (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးကာလအတွင်းမှာ ဆွေးနွေးကြရမယ့် ဥပဒေကြမ်းများအနေနဲ့ ၁၉ ခုရှိပါတယ်။ အဆိုများအနေနဲ့ တင်သွင်းပြီး ဆွေးနွေးရန်ကျန်အဆို သုံးခုအပါအဝင် အသင့်ဖြစ်အဆို ၁၄ ခုရှိပါတယ်။ မေးခွန်းအနေနဲ့ အသင့်ဖြစ်ကြယ်ပွင့်ပြမေးခွန်း ၁၄၉ ခုရှိပါကြောင်း အသိပေးတင်ပြအပ်ပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီမိုကရေစီကူးပြောင်းရေးကာလဟာ များစွာနုနယ်သေးတဲ့ အခြေအနေမှာ ဒီမိုကရေစီစံချိန်စံညွှန်းတွေရောက်ရှိဖို့ ဆက်လက်ကြိုးပမ်းအားထုတ်ကြရဦးမှာ ဖြစ်ပါတယ်။ ဒီမိုကရေစီအခွင့်အရေးများ ပိုမိုခိုင်မာအားကောင်းလာစေဖို့ မိမိတို့လွှတ်တော် ကိုယ်စားလှယ်များမှာ အဓိကတာဝန်ရှိတယ်ဆိုတာ စွဲစွဲမြဲမြဲယုံကြည်ထားကြစေလိုပါတယ်။ ပြည်သူက အပ်နှင်းထားတဲ့ ဥပဒေပြုရေးအာဏာကိုအသုံးချပြီး နိုင်ငံတော်နှင့်နိုင်ငံသားများရဲ့ဘဝ ပိုမိုတိုးတက်မြင့်မားလာစေဖို့ မိမိအပါအဝင် ကိုယ်စားလှယ်များအားလုံးက ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသရွေ့ အားထုတ်ကြိုးပမ်းကြဖို့ တိုက်တွန်းအပ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ မဲဆန္ဒရှင်ပြည်သူတွေရဲ့ကိုယ်စား လွှတ်တော်အစည်းအဝေးများကို တက်ရောက်နေကြခြင်းဖြစ်ပါတယ်။ လွှတ်တော်တာဝန်များ ထမ်းဆောင်ကြရာမှာလည်း လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ နည်းမှန်၊ လမ်းမှန်နှင့်ဆောင်ရွက်နိုင်ကြဖို့ကလည်း အရေးကြီးကြောင်း ပြောကြားလိုပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မိမိတို့ ဒုတိယအကြိမ် လွှတ်တော်များရဲ့ သက်တမ်းဟာဆိုရင်လည်း မကြာမီကာလမှာ သုံးနှစ်ပြည့်မြောက်တော့မှာဖြစ်ပါတယ်။ သုံးနှစ်တာကာလအတွင်း မိမိတို့ရရှိခဲ့ကြတဲ့အတွေ့အကြုံကနေ အားသာချက်၊ အားနည်းချက်များကို ပြန်လည်သုံးသပ်ပြီး ကျန်ရှိတဲ့လွှတ်တော်သက်တမ်းမှာ ပြည်သူ့အတွက် အကောင်းဆုံးထမ်းဆောင်သွားကြ ဖို့

တိုက်တွန်းမှာကြားလိုပါတယ်။ မဲဆန္ဒရှင်များက အားကိုးယုံကြည်စွာ ရွေးချယ်တာဝန်ပေးအပ်တဲ့ မိမိတို့ဟာ လွှတ်တော်တာဝန်နှင့် ကိုယ်စားလှယ်တာဝန်များ ကျေပွန်စွာထမ်းဆောင်နိုင်ကြမှသာ ဥပဒေပြုရေးမဏ္ဍိုင်နှင့် စွမ်းဆောင်ရည်ဆက်လက်မြင့်မားနေမှာဖြစ်ပါတယ်။ ဥပဒေပြုရေးနှင့် စောင့်ကြည့်ထိန်းညှိခြင်းတာဝန်တွေကို ပီပြင်စွာထမ်းဆောင်နိုင်ဖို့ လိုအပ်သလို မိမိရပ်ရွာ၊ မိမိကိုယ်စားပြုတဲ့ မဲဆန္ဒနယ်ရဲ့ ဖွံ့ဖြိုးတိုးတက်ရေးတာဝန်တွေကို ကျေကျေပွန်ပွန်ထမ်းဆောင်နိုင်မှသာ ပြည်သူက ပိုမိုအားကိုးယုံကြည်လာကြမှာဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံသူနိုင်ငံသားများရဲ့ အမျိုးသားအကျိုးစီးပွားအတွက် မိမိတို့အားလုံးက မွန်မြတ်တဲ့စိတ်ရင်းစေတနာနဲ့ ဆက်လက်ကြိုးပမ်းထမ်းဆောင်ကြပါစို့လို့ တိုက်တွန်းပြောကြားရင်း ကြို့ဆိုနှုတ်ခွန်းဆက်သလိုက်ပါတယ်ခင်ဗျား။(ဩဘာသံများ)

## ပြည်သူ့လွှတ်တော် ကော်မတီများတွင် ကော်မတီဥက္ကဋ္ဌ ပြောင်းလဲတာဝန်ပေးအပ်ခြင်း၊ ကော်မတီအဖွဲ့ဝင် ပြောင်းရွှေ့ခြင်း၊ အစားထိုးလဲလှယ်ဖွဲ့စည်းခြင်းနှင့် ပယ်ဖျက်ခြင်းတို့နှင့်စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ကဖွဲ့စည်းထားတဲ့ ကော်မတီများတွင် ကော်မတီဥက္ကဋ္ဌ ပြောင်းလဲတာဝန်ပေးအပ်ခြင်း၊ ကော်မတီအဖွဲ့ဝင်ပြောင်းရွှေ့ခြင်း၊ အစားထိုးလဲလှယ်ဖွဲ့စည်းခြင်းနှင့် ပယ်ဖျက်ခြင်းတို့ကို ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီတွင် ဦးတင်ထွေး၊ ဝေါမဲဆန္ဒနယ်အား ဥက္ကဋ္ဌ အဖြစ်တာဝန်ပေးအပ်မှာဖြစ်ပါတယ်။ ဘဏ်များနှင့် ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ အဖွဲ့ဝင် ဒေါက်တာဒေါ်သက်သက်ခိုင်၊ ဒဂုံမဲဆန္ဒနယ်အား ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီအဖွဲ့ဝင်အဖြစ် ပြောင်းရွှေ့တာဝန်ပေးအပ်မှာ ဖြစ်ပါတယ်။ ဒါ့အပြင် ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီတွင် အဖွဲ့ဝင် ဗိုလ်မှူးချုပ်ဝင်းကိုကို အစား ဗိုလ်မှူးချုပ်ဇော်ဝင်းအားလည်းကောင်း၊ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီတွင် ဗိုလ်မှူးချုပ်ဇော်ဝင်း အစား ဗိုလ်မှူးကြီးစိုးလွင်အားလည်းကောင်း အစားထိုးလဲလှယ်ဖွဲ့စည်းသွားမှာ ဖြစ်ပါတယ်။ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီမှ ဥက္ကဋ္ဌ ဦးအောင်တင်လင်း (နတ်မောက်မဲဆန္ဒနယ်) နိုင်ငံသားများ၏မူလအခွင့်အရေးဆိုင်ရာကော်မတီမှ အဖွဲ့ဝင် ဦးမြင့်လွင် (ပုဇွန်တောင်မဲဆန္ဒနယ်)နှင့် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီမှ အဖွဲ့ဝင် ဦးစောသလေးစော (ရွှေကျင်မဲဆန္ဒနယ်)တို့အား သီးခြားတာဝန်ပေးအပ်ရန်ရှိပါသဖြင့် ၎င်းတို့အား ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအဖြစ်မှ ပယ်ဖျက်မှာဖြစ်ပါတယ်။ တင်ပြခဲ့တဲ့ကော်မတီဥက္ကဋ္ဌ ပြောင်းလဲတာဝန်ပေးအပ်ခြင်း၊ ကော်မတီအဖွဲ့ဝင်များ ပြောင်းရွှေ့ခြင်း၊ အစားထိုးလဲလှယ်ခြင်း၊ ဖွဲ့စည်းခြင်းနှင့် ပယ်ဖျက်ခြင်းတို့ကို အတည်ပြုရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကော်မတီဥက္ကဋ္ဌပြောင်းလဲတာဝန်ပေးအပ်ခြင်း၊ ကော်မတီအဖွဲ့ဝင်ပြောင်းရွှေ့ခြင်း၊ အစားထိုးလဲလှယ်ဖွဲ့စည်းခြင်းနှင့် ပယ်ဖျက်ခြင်းတို့ကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီ ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီဖွဲ့စည်းရေးကို ဆောင်ရွက်မှာဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်း၍ ဖတ်ကြားတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်ကြားစာနှင့် အသနား ခံစာဆိုင်ရာကော်မတီရဲ့တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်းပြီး ဒုတိယဥက္ကဋ္ဌက ဖတ်ကြားတင်ပြမှာဖြစ်ပါတယ်။

**ဦးထွန်းထွန်းဟိန်(ဒုတိယဥက္ကဋ္ဌ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၏တာဝန်ပေးချက်အရ ကျွန်တော် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်က တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာ ကော်မတီ၏အဆင့်အတန်း၊ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် အခွင့်အရေးများကို ဖတ်ကြားတင်ပြမှာဖြစ်ပါတယ်။

### ကော်မတီ၏အဆင့်အတန်း

တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီသည် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂ ပုဒ်မခွဲ(ဇ)အရ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဖြစ်သည်။

### ကော်မတီ၏သက်တမ်း

ကော်မတီ၏သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှစ၍ တစ်နှစ်ဖြစ်သည်။ သို့ရာတွင် ကော်မတီ၏လုပ်ငန်းတာဝန်ဆောင်ရွက်မှုအခြေအနေအရ တစ်နှစ်ပြည့်မြောက်သည့်အခါ လိုအပ်ပါက သက်တမ်းတိုးနိုင်သည်။ လွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီ၏သက်တမ်းကာလအတွင်း လိုအပ်ပါက ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုးတာဝန်ပေးအပ်နိုင်သည်။

### ကော်မတီ၏တာဝန်များ

ကော်မတီသည် -

(က) တိုင်ကြားစာများနှင့် အသနားခံစာများကို လေ့လာစိစစ်ပြီး ပြည်သူများ၏ အခွင့်အရေးများကို နစ်နာမှုမရှိစေရန် အလေးထားဆောင်ရွက်ရမည်။

(ခ) တိုင်ကြားစာများနှင့် အသနားခံစာများ ရရှိပါက လက်ခံရရှိကြောင်းနှင့် မည်သို့ ဆောင်ရွက်ထားရှိကြောင်းကို လက်ခံရရှိသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ပေးပို့သူထံ စာဖြင့်အကြောင်းပြန်ကြားရမည်။

(ဂ) တိုင်ကြားစာနှင့် အသနားခံစာကိစ္စနှင့်သက်ဆိုင်သည့်ပုဂ္ဂိုလ်၊ ဌာန၊ အဖွဲ့အစည်း သို့တိုင်ကြားခြင်း၊ အသနားခံခြင်းနှင့်စပ်လျဉ်း၍ ဖြေရှင်းနိုင်ရန် မည်သို့တွေ့ရှိ

ကြောင်း၊ မည်သို့ဆောင်ရွက်ထားကြောင်း စသည်တို့ကို ခြောက်ပတ်အတွင်း အကြောင်းပြန်ကြားပေးရန် စာတွင်ဖော်ပြ၍ အကြောင်းကြားစာပေးပို့ရမည်။

(ဃ) တိုင်ကြားစာနှင့် အသနားခံစာပေးပို့သူများ၏တင်ပြချက်များကို ပြန်လည် ရှင်းလင်းအကြောင်းပြန်ကြားနိုင်ရန်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ထံမှ ဖြေရှင်းဆောင်ရွက်ပြီး စိစစ်မှု အခြေအနေကို ပြည်သူ့လွှတ်တော်သို့ အကြောင်းကြားလာပါက ပေးပို့သူများထံ အကြောင်းပြန်ကြားရမည်။

(င) တိုင်ကြားစာပါကိစ္စရပ်များသည် မှန်ကန်မှုမရှိကြောင်း စစ်ဆေးတွေ့ရှိပါက ကော်မတီ၏သဘောတူညီချက်နှင့် တိုင်ကြားစာပါကိစ္စရပ်များအား ဆက်လက် ဆောင်ရွက်ခြင်းမပြုဘဲ မှတ်တမ်းတင်သိမ်းဆည်းထားနိုင်ပြီး တိုင်ကြားစာ ပေးပို့ သူထံသို့လည်း ရှင်းလင်းအကြောင်းပြန်ကြားရမည်။

(စ) ပြည်သူလူထုအား တရားမျှတစွာ အကာအကွယ်ပေးသည့် အုပ်ချုပ်မှုစနစ်ကို အကောင်အထည်ဖော်မည့်အစိုးရတစ်ရပ်ဖြစ်ပေါ်ရေးအတွက် လိုအပ်ပါက လွှတ်တော်ဥက္ကဋ္ဌ၏လမ်းညွှန်ချက်ဖြင့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန် ကော်မတီ၏စိစစ်တွေ့ရှိချက်၊ သုံးသပ်အကြံပြု ချက်များနှင့်အတူ ပြည်ထောင်စုအစိုးရအဖွဲ့သို့ ပေးပို့၍ အသိပေးခြင်း၊ အကြံပြုခြင်းများ ပြုလုပ်နိုင်ရေးဆောင်ရွက်ရမည်။

(ဆ) တိုင်ကြားစာနှင့် အသနားခံစာပါ အကြောင်းအရာများသည် အများပြည်သူ ဆိုင်ရာတောင်းဆိုချက်များဖြစ်ပါက လွှတ်တော်၏ Website တွင် လွှင့်တင် ဖော်ပြနိုင်ရန် ဆောင်ရွက်ရမည်။

(ဇ) ပါတီများနှင့်သက်ဆိုင်သော တိုင်ကြားစာရရှိပါက ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံးနှင့် သက်ဆိုင်ရာပါတီသို့ လွှဲပြောင်းပေးရမည်။

(ဈ) လက်ခံရရှိသော တိုင်ကြားစာနှင့် အသနားခံစာပါ အကြောင်းအရာများသည် လွှတ်တော်၏ရေးရာကော်မတီတစ်ခုခုနှင့် တိုက်ရိုက်သက်ဆိုင်သော ကိစ္စရပ်များ ဖြစ်ပါက လွှတ်တော်ဥက္ကဋ္ဌ၏ သဘောတူခွင့်ပြုချက်ဖြင့် ယင်းစာကို သက်ဆိုင်ရာ ရေးရာကော်မတီသို့ လွှဲပြောင်းပေးရမည်။

(ည) ပြည်သူတို့က ပေးပို့လာသည့် တိုင်ကြားစာများ၊ အသနားခံစာများကို ကြားနာစိစစ်၍ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြ အစီရင်ခံရမည်။ ကော်မတီသည် ပြည်ထောင်စု အစိုးရအဖွဲ့အပါအဝင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတို့နှင့် တိုက်ရိုက်ဆက်သွယ်ပြီး ဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များအားလည်းကောင်း၊ လုပ်ငန်းနှင့် ဆက်စပ်သော အကြောင်းအရာများကို သိရှိနားလည်သည်ဟု ယူဆသူ

များအားလည်းကောင်း ဖိတ်ကြား၍ ကြားနာခြင်း၊ မေးမြန်းဆွေးနွေးခြင်းနှင့် လိုအပ်သောအထောက်အထားများကို တင်ပြစေခြင်း ပြုနိုင်သည်။ တရားရုံးတစ်ရုံးက ဥပဒေ၊ လုပ်ထုံး လုပ်နည်း၊ ကျင့်စဉ်အတိုင်း ဆောင်ရွက်ခြင်းမရှိကြောင်းနှင့် တိုင်ကြားချက်မှန်ကန်ကြောင်း စိစစ်တွေ့ရှိပါက စိစစ်တွေ့ရှိချက်၊ သုံးသပ်ချက်၊ အကြံပြုချက်များနှင့်အတူ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တို့ကို အမှုတွဲနှင့်တကွ လွှဲပြောင်းပေးပို့ရမည်။ ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦး ပြောဆိုသော သို့မဟုတ် ပြုလုပ်သော ကိစ္စကိုသော်လည်းကောင်း၊ ကော်မတီတွင်ဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း၊ ပြင်ပသို့ ပေါက်ကြားခြင်း မရှိစေရ။ ကော်မတီအစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ်မှတ်တမ်းတင်၍ ကော်မတီက အတည်ပြုထားရမည်။ ယင်းအစည်းအဝေးမှတ်တမ်းများကို ဖြန့်ဝေခြင်း မပြုရ။ လွှတ်တော်သို့ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့်အတူ ပူးတွဲ၍ အမှုတွဲအဖြစ် တစ်ပေါင်းတည်း သိမ်းဆည်းထားနိုင်ရန် ပြည်သူ့လွှတ်တော်ရုံးသို့ ပေးပို့ရမည်။

**ကော်မတီ၏လုပ်ပိုင်ခွင့်များ**

ကော်မတီအစည်းအဝေးများကို ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျင်းပရမည်။ ကော်မတီသည် -

(က) အများပြည်သူထိခိုက်နစ်နာသည့် ထူးခြားကိစ္စဖြစ်ပေါ်လာပါက လွှတ်တော်ဥက္ကဋ္ဌ၏သဘောတူညီချက်ဖြင့် ကော်မတီကလက်ခံစစ်ဆေးခြင်း၊ စုံစမ်းမေးမြန်းခြင်းတို့ကိုဆောင်ရွက်နိုင်ပြီး လိုအပ်ပါက ပွင့်လင်းမြင်သာသော နည်းလမ်းများဖြင့်လည်း ဆောင်ရွက်နိုင်သည်။

(ခ) တိုင်ကြားစာနှင့် အသနားခံစာများနှင့် ပြည်သူအကျိုးစီးပွားထိခိုက်သော ကိစ္စရပ်များဖြစ်ကြောင်း လေ့လာတွေ့ရှိပါက လွှတ်တော်သို့ မေးခွန်းများမေးမြန်းခြင်း၊ အဆိုများတင်သွင်းခြင်း ပြုလုပ်နိုင်သည်။

ကော်မတီအစီရင်ခံစာတင်ပြခြင်းနှင့်စပ်လျဉ်း၍ -

(က) ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင် တစ်ဦးသည် ကော်မတီ၏အစီရင်ခံစာကို လွှတ်တော်သို့ တင်ပြရမည်။

(ခ) ကော်မတီဝင်များသည် ကော်မတီ၏အစီရင်ခံစာကို သဘောတူကြောင်း လက်မှတ်ရေးထိုးရမည်။ သို့ရာတွင် သဘောကွဲလွဲချက်ရှိပါက ထိုသဘော

ကွဲလွဲချက်များကို ရေးသားဖော်ပြ၍ လက်မှတ်ရေးထိုးပြီး အစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင်သည်။

(ဂ) အစီရင်ခံစာကို တင်ပြပြီးနောက် လွှတ်တော်ဥက္ကဋ္ဌက သတ်မှတ်သည့်နေ့တွင် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် အစီရင်ခံစာကို ဆွေးနွေးရန် လွှတ်တော်သို့ အဆိုတင်သွင်းရမည်။

(ဃ) အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်များ ပြုလုပ်ခွင့် မရှိ။

(င) အစီရင်ခံစာကို ဆွေးနွေးပြီးသောအခါ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် အစီရင်ခံစာကို လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းရမည်။

ကော်မတီဝင်များသည် -

(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာ ပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။

(ခ) လွှတ်တော်ကော်မတီဝင်များသည် အများဆုံးကော်မတီနှစ်ခုအထိသာ ပါဝင်ဆောင်ရွက်ခွင့်ရှိသည်။

(ဂ) ကော်မတီဝင်အဖြစ်မှ နုတ်ထွက်လိုပါက ခိုင်လုံသော အကြောင်းအကျိုး ဖော်ပြလျက် လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်။

**ကော်မတီ၏ရပိုင်ခွင့်နှင့်အခွင့်အရေးများ**

ကော်မတီဝင်များသည် ကော်မတီလုပ်ငန်းများကို ဆောင်ရွက်ရန် သို့မဟုတ် ကော်မတီအစည်းအဝေးတက်ရောက်ရန် ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌လည်းကောင်း၊ လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် လွှတ်တော်၏တာဝန်ပေးချက်အရ ခရီးသွားလာရာ၌လည်းကောင်း၊ ယင်းတို့နှင့် သက်ဆိုင်သော ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာဥပဒေပါ ရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် လွှတ်တော်က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။ ကော်မတီဝင်များသည် -

(က) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေမှအပ တည်ဆဲအခြားဥပဒေတစ်ရပ်ရပ်အရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ခ) ကော်မတီအစည်းအဝေးတက်ရောက်နေစဉ်အတွင်း လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ဂ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီ၏အစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တိုင်ကြားစာနှင့်အသနားခံစာဆိုင်ရာကော်မတီတွင် ပါဝင်ရန်လျာထားသည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို ပြည်သူ့လွှတ်တော်သို့ တင်ပြခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီမှာ ပါဝင်ရန် လျာထားတဲ့ အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးရဲ့အမည်စာရင်းကို လွှတ်တော်သို့ တင်ပြပါမယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီကို အဖွဲ့ဝင် ၁၆ ဦးနဲ့ ဖွဲ့စည်းမှာဖြစ်ပါတယ်။ ဖွဲ့စည်းရန်လျာထားတဲ့ ကိုယ်စားလှယ်များကတော့ -

| | | |
|---|---|---|
| (၁) | ဦးမြင့်လွင် | ပုဇွန်တောင်မဲဆန္ဒနယ် |
| (၂) | ဦးသက်နိုင်ဦး | ရေဖြူမဲဆန္ဒနယ် |
| (၃) | ဦးစတီဖန် | ကျိုင်းတုံမဲဆန္ဒနယ် |
| (၄) | ဦးဦးထွန်းဝင်း | ကျောက်တော်မဲဆန္ဒနယ် |
| (၅) | ဦးဝင်းထူး | နမ့်ဆန်မဲဆန္ဒနယ် |
| (၆) | ဦးလာမာလေး | ဆော့လော်မဲဆန္ဒနယ် |
| (၇) | ဦးယန်ကျင်းကန် | ကွမ်းလုံမဲဆန္ဒနယ် |
| (၈) | ဦးခွန်အောင်ကျော် | ဟိုပုန်းမဲဆန္ဒနယ် |
| (၉) | ဦးတိုးဝင်း | တာမွေမဲဆန္ဒနယ် |
| (၁၀) | ဦးစိုင်းဥက္ကာ | လဲချားမဲဆန္ဒနယ် |
| (၁၁) | ဦးညွန့်ဝင်း | ကန်ပက်လက်မဲဆန္ဒနယ် |
| (၁၂) | ဦးပဲ့ဒူ | ဖရူဆိုမဲဆန္ဒနယ် |
| (၁၃) | ဦးစိန်ဗိုလ် | မြဝတီမဲဆန္ဒနယ် |
| (၁၄) | ဦးစိုင်းဖိုးမြတ် | မူဆယ်မဲဆန္ဒနယ် |
| (၁၅) | ဦးစောသလေးစော | ရွှေကျင်မဲဆန္ဒနယ်နှင့် |
| (၁၆) | ဗိုလ်မှူးကြီးနေလင်း | တပ်မတော်သားကိုယ်စားလှယ် တို့ဖြစ်ပါတယ်။ |

တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီမှာ ကော်မတီဥက္ကဋ္ဌအဖြစ် ဦးမြင့်လွင် (ပုဇွန်တောင်မဲဆန္ဒနယ်)နှင့် အတွင်းရေးမှူးအဖြစ် ဦးစောသလေးစော(ရွှေကျင်မဲဆန္ဒနယ်)တို့အား တာဝန်ပေးအပ်ဖွဲ့စည်းမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၁ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

### ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိစာအုပ်ကို ရေးသားပြုစုထုတ်ဝေရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမြင့်လွင်(တွံတေးမဲဆန္ဒနယ်)**။ ။ အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမဲဆန္ဒနယ်က ဦးမြင့်လွင် ဖြစ်ပါတယ်။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာ အရင်ကရော၊ အခုရော ဗိုလ်ချုပ်တွေ အများကြီးရှိပါတယ်။ ဒါပေမဲ့ မြန်မာပြည်သူလူထုအများစုရဲ့ရင်ထဲမှာတော့ ဗိုလ်ချုပ်က တစ်ယောက်ပဲရှိပါတယ်။ အဲဒါကတော့ ဗိုလ်ချုပ်အောင်ဆန်းပဲ ဖြစ်ပါတယ်။ သေသောသူကြာရင်မေ့ဆိုတဲ့စကားရှိပေမဲ့ ဗိုလ်ချုပ်ကွယ်လွန်သွားတာ နှစ်ပေါင်း ၇၀ ကျော်ကြာသွားပေမဲ့ ဒီနေ့ထိ မြန်မာပြည်သူတွေက တစ်နေ့မှ မေ့မရကြသေးပါဘူး။ ဒါကို ကျွန်တော်တို့ မြန်မာနိုင်ငံ တစ်နံတစ်လျားကမြို့တွေမှာ ဗိုလ်ချုပ်ရုပ်ထုတွေ တစ်ခုပြီးတစ်ခုပေါ်ထွက်လာနေခြင်းက သက်သေပြနေပါတယ်။ ဒီလို ဗိုလ်ချုပ်ကိုမမေ့နိုင်ခြင်းကလည်း ဗိုလ်ချုပ်အောင်ဆန်းဟာ နေသွားတဲ့အသက် ၃၂ နှစ်တာကာလအတွင်းမှာ ကျွန်တော်တို့နိုင်ငံအတွက်၊ ကျွန်တော်တို့ နောင်လာနောက်သားတွေအတွက် အင်မတန်အဖိုးတန်တဲ့ အမွေအနှစ်တွေ၊ အင်မတန်အတုယူစရာကောင်းတဲ့အမွေအနှစ်တွေ ချန်ထားခဲ့လို့ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဗိုလ်ချုပ်အောင်ဆန်းရဲ့သမိုင်းက ကျွန်တော်တို့ ခေတ်သစ်မြန်မာနိုင်ငံရဲ့သမိုင်းဖြစ်ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းရဲ့အတ္ထုပ္ပတ္တိက ခေတ်သစ်မြန်မာနိုင်ငံရဲ့ အတ္ထုပ္ပတ္တိဖြစ်ပါတယ်။ ကျွန်တော်တို့ ဗိုလ်ချုပ်အောင်ဆန်း ရင်ဆိုင်ခဲ့ရတဲ့စိန်ခေါ်မှုတွေဟာ ကျွန်တော်တို့ ခေတ်သစ်မြန်မာနိုင်ငံ ရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဗိုလ်ချုပ်အောင်ဆန်းရဲ့အတ္ထုပ္ပတ္တိကို ကျွန်တော်တို့ ပြုစုဖို့လိုပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းနဲ့ပတ်သက်ပြီးတော့ သူ့ရဲ့မိတ်ဆွေအပေါင်းအသင်းတွေ၊ သူ့ရဲ့တပည့် တစ်ပန်းတွေ၊ သူ့ရဲ့လုပ်ဖော်ကိုင်ဖက်တွေ၊ သူ့ရဲ့မိတ်ဆွေတွေ၊ သူ့ရဲ့ဆွေမျိုးသားချင်းတွေက ရေးခဲ့တဲ့စာအုပ်တွေအများကြီးရှိပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ အားကိုးအားထားပြုလောက်တဲ့ ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိဆိုတာကတော့ အခုအချိန်အထိ ပေါ်ထွက်လာခြင်းမရှိသေးပါဘူး။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်မှာ ပထမဦးဆုံး ပြည်သူ့လွှတ်တော်ခေတ်မှာ ဗိုလ်ချုပ်အောင်ဆန်း

အတ္ထုပ္ပတ္တိကို ပြုစုဖို့ဆိုပြီးတော့ တာဝန်ပေးအပ်ပြီးတော့ အဖွဲ့တစ်ဖွဲ့ပေးပြီးတော့ တာဝန်ပေးအပ်ပြုစုစေခဲ့တာရှိပါတယ်။

ရန်ကုန်တက္ကသိုလ် ဗဟိုစာကြည့်တိုက်က ပညာရှင်များပါဝင်တဲ့အဖွဲ့တစ်ဖွဲ့ ဖွဲ့ပြီးတော့ ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိဆိုပြီးတော့ ပြုစုခဲ့ပါတယ်။ ဒါပေမဲ့ အဲဒါဟာ မူကြမ်းအဆင့်လောက်မှာပဲ ရှိပြီးတော့ အကြောင်းကြောင်းကြောင့်မို့လို့ ပြည့်စုံတဲ့စာအုပ်ကြီးတစ်အုပ်အနေနဲ့ ပေါ်ထွက်လာခဲ့ခြင်းမရှိပါဘူး။ အဲဒီတော့ ၂၀၀၄ ခုနှစ်လောက်မှာပဲ ရဲဘော်သုံးကျိတ်ဝင် ဗိုလ်ရဲထွဋ်တို့၊ နိုင်ငံရေးသမားဟောင်းကြီး သခင်တင်မြတို့ ဦးဆောင်ပြီးတော့ အဖွဲ့တစ်ဖွဲ့ ဖွဲ့ပြီးတော့ ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိပြုစုရေးဆိုပြီးတော့ သူတို့ ကြိုးစားခဲ့တာရှိပါတယ်။ သို့သော်လည်း ပုဂ္ဂလိကအဖွဲ့တစ်ဖွဲ့သာဖြစ်တဲ့အတွက် သူတို့မှာ အကြောင်းကြောင်းသော အကြောင်းကြောင်းတွေကြောင့်မို့လို့ ဒီစာအုပ်က ထွက်ပေါ်လာခြင်းမရှိပါဘူး။ နောက်ဆုံးမှာတော့ နိုင်ငံရေးသမားဟောင်းကြီး သခင်တင်မြကပဲ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်က ပေါ်ထွက်လာတဲ့ ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိစာအုပ်ကို မွမ်းမံပြင်ဆင်ပြီးတော့ ဗိုလ်ချုပ်အတ္ထုပ္ပတ္တိဆိုပြီးတော့ ထွက်လာတာမျိုးပဲရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့ဒီနေ့ ပြည်သူလူထုက ရွေးချယ်တင်မြှောက်ထားတဲ့ ပြည်သူ့အစိုးရလက်ထက်မှာတော့ ဒီလို နိုင်ငံ့ရဲ့ကျေးဇူးရှင် လွတ်လပ်ရေးရဲ့ ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနဲ့ပတ်သက်ပြီးတော့ ခိုင်မာတဲ့၊ အားကိုးအားထားပြုလောက်တဲ့ အတ္ထုပ္ပတ္တိတစ်ခုပေါ်ထွက်လာဖို့က ကျွန်တော်တို့ နိုင်ငံတော်အစိုးရရဲ့ တာဝန်ပဲဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ နိုင်ငံတော်အစိုးရအနေနဲ့ ဒီဗိုလ်ချုပ်အောင်ဆန်းရဲ့အတ္ထုပ္ပတ္တိနဲ့ပတ်သက်ပြီးတော့ အားကိုးအားထားပြုလောက်တဲ့၊ ပြည့်စုံတဲ့၊ လုံလောက်တဲ့ နိုင်ငံတကာကလည်းခန့်ညားလေးစားလောက်တဲ့ အတ္ထုပ္ပတ္တိတစ်ခုပေါ်ထွက်ဖို့အတွက် ကျွန်တော်တို့ နိုင်ငံတော်အစိုးရ၊ ပြည်သူ့အစိုးရရဲ့ တာဝန်ဖြစ်ပါတယ်။ ဒီလို ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိဖြစ်လာဖို့အတွက် နိုင်ငံတော်အစိုးရအနေနဲ့ ဆောင်ရွက်နေခြင်းရှိ/မရှိ၊ ဆောင်ရွက်နေတယ်ဆိုလို့ရှိရင်လည်း ဘယ်လိုဆောင်ရွက်နေတယ်။ အခုအချိန်မှာ ဘယ်လိုအခြေအနေရှိတယ်ဆိုတာတွေကို ကျွန်တော်တို့ သိရှိလိုတဲ့အတွက်ကြောင့်မို့လို့ ပြည်သူလူထုတစ်ရပ်လုံးရဲ့ကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်ကြားရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်လှထွန်း(ဒုတိယဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရဲ့ ကိုယ်စား ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင်ရဲ့ ကြယ်ပွင့်ပြမေးခွန်းကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရဲ့ဖြေကြားချက်နဲ့ပေါင်းစပ်ပြီး ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်ခင်ဗျား။ ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိစာအုပ်ကို

ရေးသားပြုစုထုတ်ဝေရန် အစီအစဉ် ရှိ/မရှိနှင့် ရှိသည်ဆိုပါက မည်သို့မည်ပုံစီစဉ်ဆောင်ရွက်သွားမည် သို့မဟုတ် စီစဉ်ဆောင်ရွက်နေသည်တို့ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းခဲ့တဲ့ ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင်ကို အထူးပင်ကျေးဇူးတင်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန် အနေဖြင့် ၁၉၇၁ ခုနှစ်မှာ ဗိုလ်ချုပ်အောင်ဆန်းမိန့်ခွန်းများ ၁၇-၃-၁၉၄၅ မှ ၁၉-၇-၁၉၄၇ ထိ စာအုပ်ကို ထုတ်ဝေခဲ့ပြီးဖြစ်ပါတယ်။ ယခုအခါမှာ ဈေးကွက်လိုအပ်ချက်အရ ဒီစာအုပ်ကို ပြန်လည် ပုံနှိပ်ထုတ်ဝေဖို့ အစီအစဉ်ရှိကြောင်း ဦးစွာတင်ပြလိုပါတယ်။ အခု ဆက်လက်ပြီးတော့ ကိုယ်စားလှယ် တော်ကြီး ဦးမြင့်လွင်ရဲ့ မေးခွန်းကို ဖြေကြားရမယ်ဆိုပါလျှင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနအနေဖြင့် ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိ (၁၉၁၅-၁၉၄၇)ကို ထုတ်ဝေနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းနဲ့ စာမူကြမ်းအဖြစ် ရေးသားပြုစုထားရှိပြီးဖြစ်ပါကြောင်း ယင်းဝန်ကြီးဌာန၏ အကြောင်းကြားချက်အရ သိရှိရပါတယ်။ ယင်းစာအုပ်မှာ အခန်း(၆)ခန်း ပါဝင်ပါတယ်။ အခန်း(၁) လူငယ်ဘဝ (၁၉၁၅ မှ ၁၉၄၇)၊ အခန်း(၂) တက္ကသိုလ်ကျောင်းသားဘဝ (၁၉၃၂ မှ ၁၉၃၈)၊ အခန်း(၃) သခင်ဘဝ၊ အခန်း(၄) လက်နက်ကိုင် တော်လှန်ရေးပြင်ဆင်မှုကာလ (၁၉၄၀ မှ ၁၉၄၁)၊ အခန်း(၅) စစ်ဝန်ကြီးဘဝ (၁၉၄၂ မှ ၁၉၄၅)နှင့် အခန်း(၆) အမျိုးသားခေါင်းဆောင် (၁၉၄၅ မှ ၁၉၄၇) စသည်တို့ဖြင့် အကြောင်းအရာစုံလင်စွာ ရေးသားပြုစုထားသည်ဟု သိရှိရပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင် ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စု ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါပြီ။

**တောင်သူကြီးများ မိသားစုအလိုက် ဝင်ငွေပိုမိုတိုးတက်ရရှိရေးအတွက် အဖိုးတန်နှစ်ရှည်သီးနှံ တစ်မျိုးဖြစ်သော လျှော်ဖြူပင်ခေါ် ဆေးကုလားမပင် စိုက်ပျိုးထုတ်လုပ်ခြင်းကို နယ်ပယ်ဒေသ အသီးသီးတွင် စိုက်ပျိုးလုပ်ကိုင်နေကြပြီဖြစ်သဖြင့် နိုင်ငံတော်အစိုးရမှ ဈေးကွက်ခိုင်မာသည့် နိုင်ငံခြားပို့ကုန်အဆင့်အထိ ရောက်ရှိအောင်မည်ကဲ့သို့ ကူညီဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းငေါင်းဆိုင်ဟိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းငေါင်းဆိုင်ဟိန်း(မောက်မယ်မဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စု ဝန်ကြီးများအားလုံး ကျန်းမာရွှင်လန်းကြပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းငေါင်းဆိုင်ဟိန်း ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံ၌ စိုက်ပျိုးရေးကို အဓိကထား၍ လုပ်ကိုင်စားသောက်နေကြသော တောင်သူဦးကြီးများ မိသားစုအလိုက် ဝင်ငွေတိုးတက်ရရှိလာစေရေး အတွက် ရည်ရွယ်၍ ဤမေးခွန်းကို မေးမြန်းခွင့်တောင်းခံအပ်ပါတယ်။

**မူကြမ်း**

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံတဲ့ နိုင်ငံဖြစ်သဖြင့် မိသားစုပံ့မှန်ဝင်ငွေရရှိစေရန် ဥယျာဉ်ခြံသီးနှံများ၊ နှစ်ရှည်ခြံသီးနှံများ၊ တန်ဖိုးမြင့်နိုင်ငံခြားပို့ကုန်သီးနှံများကို ပိုမိုစမ်းသပ်လုပ်ကိုင်စိုက်ပျိုးလာတာ တွေ့မြင်နေရပါတယ်။ ဤကဲ့သို့ စမ်းသပ်စိုက်ပျိုးရာတွင် စမ်းသပ်သည့်အဆင့်မျိုးသာဖြစ်သဖြင့် သီးနှံ ဖြစ်ထွန်းအောင်မြင်မှု၊ ဈေးကွက်ပီပြင်ခိုင်မာမှုတို့ကို မည်သူမျှအာမမခံရဲကြပါ။ လွန်ခဲ့သောသုံးနှစ် ဝန်းကျင်ခန့်က ကြယ်ပဲခေါ် နှစ်ရှည်သီးနှံတစ်မျိုးကို နိုင်ငံခြားပို့ကုန်အဆင့်မြင့် ရောင်းတန်းဝင်သီးနှံ အဖြစ် လူပြောများပြီး ကြေညာအားကောင်းခဲ့သော်လည်း လက်တွေ့စိုက်ပျိုးသည့် တောင်သူများ အကျိုးမဖြစ်ထွန်းတာကို မြင်တွေ့ရပါတယ်။ ကြယ်ပဲကို ကုန်ချောအဖြစ် ဖန်တီးနိုင်သော်လည်း ကြယ်ပဲ ဆီတစ်ပုလင်းလျှင် ၃၀၀၀၀ မှ ၅၀၀၀၀ ကျပ်အထိ ဆီဈေးနှုန်းမြင့်မားခြင်း အဆင့်မြင့်ကြော်လှော် ထုပ်ပိုးပြီး ကြယ်ပဲစေ့တစ်ထုပ်လျှင် ၂၅၀၀ ကျပ်ခန့် ဈေးရှိခြင်းတို့ကြောင့် ပြည်တွင်း၌ပင် ရောင်းချရန် မအောင်မြင်ခဲ့ပါ။ ယခု ဧကအလိုက်စိုက်ပျိုးထားသူများ အခက်တွေ့ရပါတယ်။ အလားတူ ရွှေဖြူခေတ် ဟုခေတ်ကောင်းခဲ့သော ရော်ဘာပင်ကို တစ်ပိုင်တစ်နိုင်စိုက်ကြရာမှ နိုင်ငံခြားပို့ကုန်အဖြစ် နယ်စပ် ပေါက်အသီးသီး၌ ပွဲစားများ၏ ခြယ်လှယ်သည့်နှုန်းထားဖြင့်သာ ဈေးကွက်အဖြစ် ဖန်တီးယူနေကြရပါ တယ်။ ရော်ဘာအနေနဲ့ ခိုင်မာတဲ့ပို့ကုန်တစ်ခုအဖြစ်သို့ရောက်ရှိရန် ကမ္ဘာ့ရော်ဘာတက်ဈေး၊ ကျဈေး များနှင့်အညီ အရောင်းအဝယ်ဖြစ်ပေါ်နေတာကို တွေ့မြင်ရပါတယ်။ ယနေ့ သတင်းမီဒီယာများတွင် လျှော်ဖြူပင်ခေါ် ဆေးကုလားမပင်၏ တန်ဖိုးမြင့်မားပုံ၊ ရောင်းတန်းဝင်နိုင်ငံခြားပို့ကုန်အဖြစ် မြင်တွေ့၊ ကြားသိနေရပါတယ်။ လက်တွေ့နယ်ပယ်မှာလည်း အပူပိုင်းဇုန်ဒေသအသီးသီးမှ တစ်အုပ်တစ်မ စိုက်ခင်းအဖြစ်လည်းကောင်း၊ သီးညှပ်သီးနှံအဖြစ်လည်းကောင်း၊ သီးနှံရောနှောစိုက်ခင်းအဖြစ် လည်းကောင်း စိုက်ပျိုးလုပ်ကိုင်နေကြပြီဖြစ်ပါတယ်။ ပင်လယ်ရေမျက်နှာပြင်အမြင့်ပေ ရာသီဥတုနှင့် သဘာဝအနေအထားအရ ကျွန်တော်တို့ ရှမ်းပြည်နယ်နေရာအချို့မှာလည်း ဧကစိုက်ကွက်တွေ၊ နေကာပင်တွေ၊ အရိပ်ရပင်တွေ မိသားစုဝင်ငွေတိုးတက်မှုရရှိအောင် စတင်စိုက်ပျိုးလုပ်ကိုင်နေတာ မြင်တွေ့ရပါတယ်။ စိုက်ပြီးသုံးနှစ်မှ ငါးနှစ်အတွင်း အစေးစတင်ထုတ်ယူနိုင်ပြီး အနှစ် ၃၀ မှ ၅၀ သက်တမ်းရှည်ကြောင်း သိရှိရပါတယ်။ လျှော်ဖြူပင်ခေါ် ဆေးကုလားမပင်မကို စက်မှုကုန်ကြမ်းသီးနှံ အဖြစ်လည်းကောင်း၊ စားသောက်ကုန်ဆေးဝါးနှင့် အလှကုန်လုပ်ငန်းတို့နှင့်လည်းကောင်း အဓိက ထားသုံးစွဲရသဖြင့် နိုင်ငံခြားမှ ဈေးကြီးပေး၍ဝယ်ယူလေ့ရှိကြောင်းသိရပါတယ်။ ယခုအခါ နိုင်ငံ၏ဒ သေအနှံ့အပြားတွင် စိုက်ပျိုးဖြစ်ထွန်းနိုင်မည့်နေရာများ၌ အသင်းအဖွဲ့များ၏ အဆက်အသွယ်များဖြင့် သာ ဖြန့်ကျက်စိုက်ပျိုးနေကြပြီဖြစ်ပါတယ်။ စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်နေရသည့် ဒေသ အသီးသီးမှ တောင်သူကြီးများအတွက် အမှန်တကယ်အကျိုးစီးပွားဖြစ်ထွန်းမည်ဆိုပါက လျှော်ဖြူပင် ခေါ် ဆေးကုလားမပင်ကို နိုင်ငံတော်မှ တွန်းအားပေးစိုက်ပျိုးလုပ်ကိုင်စေသင့်ပါတယ်။ စီးပွားဖြစ် နှစ်ရှည်သီးနှံဖြစ်ခြင်း၊ အပူပိုင်းဇုန်ဒေသများ၌ဖြစ်ထွန်းသဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု ပိုမိုအထောက်အကူဖြစ်စေနိုင်ခြင်း၊ မိသားစုတစ်ပိုင်တစ်နိုင် ဝင်ငွေရရှိစေခြင်းစသည့် အကျိုးကျေးဇူး များကြောင့် လျှော်ဖြူပင်နှင့်ပတ်သက်သည့် သတင်းအချက်အလက်များနှင့် စိုက်ပျိုးရန်မျိုးစေ့ဖြန့်ဝေ ခြင်း၊ ဈေးကွက်ဖန်တီးပေးခြင်းတို့ကို နိုင်ငံတော်အစိုးရမှ ကူညီဆောင်ရွက်ပေးသင့်ပါတယ်။ အဓိက အားဖြင့် စမ်းတဝါးဝါးစိုက်ပျိုးလုပ်ကိုင်နေရသော တောင်သူဦးကြီးများအတွက် အာမခံချက်ပေးနိုင်

**မူကြမ်း**

သည့် ဈေးကွက်ဖြစ်ပေါ်လာရေးအတွက် အဓိကကျလှပါတယ်။ နိုင်ငံတော်အစိုးရမှ ပါဝင်ဆောင်ရွက်ပေးသည်ဟု ထင်မြင်ပါသဖြင့် အောက်ပါမေးခွန်းများကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ မေးခွန်း(၁) တောင်သူဦးကြီးများ မိသားစုအလိုက် ဝင်ငွေပိုမိုတိုးတက်ရရှိရေးနှင့် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်သာယာလှပရေးအတွက် အဖိုးတန်နှစ်ရှည်သီးနှံတစ်မျိုးဖြစ်သော လျှော်ဖြူပင်ခေါ် ဆေးကုလားမပင် စိုက်ပျိုးထုတ်လုပ်ခြင်းကို နယ်ပယ်ဒေသအသီးသီးတွင် စိုက်ပျိုးလုပ်ကိုင်နေပြီဖြစ်သဖြင့် နိုင်ငံတော်အစိုးရမှ ဈေးကွက်ခိုင်မာသည့် နိုင်ငံခြားပို့ကုန်အဆင့်ထိရောက်အောင်မည်ကဲ့သို့ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်ထူး(ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လာတဲ့ ပြည်ထောင်စုအဆင့်ဝင်များနှင့် ဧည့်သည်တော်များကို မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝေါင်းဆိုင်ဟိန်းရဲ့ မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေးနှင့် မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနရဲ့ ဖြေကြားချက်များနှင့် ပေါင်းစပ်ပြီး ကျွန်တော် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက ဖြေကြားတင်ပြသွားမှာဖြစ်ပါတယ်။

နှစ်ရှည်သီးနှံတစ်မျိုးဖြစ်တဲ့ လျှော်ဖြူပင်ရဲ့အစေးဟာ မြန်မာနိုင်ငံအတွက် အလားအလာရှိတဲ့ ပို့ကုန်တစ်မျိုးဖြစ်ပါတယ်။ လျှော်ဖြူပင်ကို အပင်ငယ်စဉ် နှစ်နှစ်၊ သုံးနှစ်သားအထိ ကြားသီးနှံပင်အဖြစ်စိုက်ပျိုးနိုင်ပါတယ်။ အပင်သက်တမ်း သုံး၊ လေးနှစ်၊ လုံးပတ် ၂၅ လက်မမှ ၂၇ လက်မအရွယ်တွင်စတင်၍ နေ့စဉ်အစေးထုတ်နိုင်ပါတယ်။ ရှစ်နှစ်မှ ၂၀ နှစ်သားအထိ အထွက်အများဆုံးဖြစ်ပါတယ်။ လျှော်ဖြူပင်များဟာ မြန်မာနိုင်ငံအနှံ့အပြား တောင်တန်းများပေါ်တွင် အခြားသစ်ပင်များနှင့်ရောနှော၍ အလေ့ကျပေါက်လေ့ရှိပါတယ်။ လျှော်ဖြူစေးဟာ ဂျယ်လတင်ပါဝင်မှုကြောင့် ရေကိုအဆများစွာစုပ်ယူ၍ ပွစေနိုင်ခြင်း၊ ရေနှင့်ပေါင်းစပ်၍ နူးညံ့ပျော့ပြောင်းသောဂျယ်လ်အဖြစ် ပုံသဏ္ဌာန်အမျိုးမျိုးပြောင်းလဲနိုင်ခြင်းအပြင် စေးပျစ်စေခြင်း၊ ကော်ကပ်နိုင်စွမ်းရှိခြင်းနဲ့ အက်စစ်ပျော့နှင့်အနုဇီဝပိုးများရဲ့ ချေဖျက်တိုက်စားမှုဒဏ် ခံနိုင်ရည်ရှိခြင်းစတဲ့ ထူးခြားတဲ့ရုပ်နှင့် ဓာတ်ဂုဏ်သတ္တိများရှိခြင်းကြောင့် ကမ္ဘာပေါ်ရှိ လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်ရေးလုပ်ငန်းများ၊ စက်မှုလုပ်ငန်းများမှာ ကျယ်ပြန့်စွာအသုံးပြုကြပါတယ်။ ထို့အပြင် စားသောက်ကုန်သရေစာနှင့် မုန့်လုပ်ငန်းများ၊ အလှကုန်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်းများ၊ ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းများ၊ ရက်ကန်းနှင့်အထည်အလိပ်လုပ်ငန်းများ၊ ပုံနှိပ်လုပ်ငန်းများတွင် အမျိုးမျိုးသုံးစွဲကြပါတယ်။ မြန်မာနိုင်ငံတွင် လျှော်ဖြူခေါ် ဆေးကုလားမအား ရေခဲမုန့်၊ ရွှေရင်အေး၊ ဖာလူဒါစတဲ့ ရိုးရာစားသောက်ကုန်လုပ်ငန်းများတွင် သုံးစွဲကြပါတယ်။ တိုင်းရင်းဆေးတွင် ဆီးရွှင်ဆေး၊ ဝမ်းနုတ်ဆေးများတွင် ဆေးဝါးအသွင်အသုံးပြုကြပါတယ်။

**မူကြမ်း**

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လျှော်ဖြူပင်ကို လွန်ခဲ့တဲ့ဆယ်နှစ်မှစ၍ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးတို့တွင် စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်လာကြောင်း တွေ့ရှိရပါတယ်။ လျှော်ဖြူစေး ပြည်ပသို့တင်ပို့နိုင်ရေးနှင့် ဈေးကွက်ပိုမိုရရှိရေးအတွက် ၂၀၁၇ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပပြုလုပ်တဲ့ (၁၆)ကြိမ်မြောက် မြန်မာ-တရုတ်နယ်စပ်၊ ရွှေလီကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံ လျှော်ဖြူစိုက်ပျိုးထုတ်လုပ်သူများအသင်းက လျှော်ဖြူစေးအရည်အသွေးအမျိုးမျိုးကို ပထမဆုံးအကြိမ် ဝင်ရောက်ပြသခဲ့ရာ တရုတ်နိုင်ငံမှ စိတ်ဝင်စားမှုများရရှိခဲ့ပါတယ်။ ဒ့ါအပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကူမင်းမြို့မှာ ၂၀၁၈ ခုနှစ် ဇွန်လအတွင်းပြုလုပ်ခဲ့တဲ့ (၂၅)ကြိမ်မြောက် ကူမင်းပို့ကုန်၊ သွင်းကုန် ကုန်စည်ပြပွဲတွင်လည်းကောင်း၊ ဂျပန်နိုင်ငံ၊ တိုကျိုမြို့တွင် ၂၀၁၈ ခုနှစ် ဇွန်လအတွင်း ဂျပန်-မြန်မာပွဲတော်တွင်လည်းကောင်း လျှော်ဖြူစေးများကို ပါဝင်ပြသခဲ့ရာ စိတ်ဝင်စားမှုများပြားခဲ့ပါတယ်။

လျှော်ဖြူစေးကို တရုတ်နိုင်ငံသို့ Food Additive အဖြစ် တင်ပို့နိုင်ပါတယ်။ တရုတ်နိုင်ငံသို့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၅၀၀ နှုန်းဖြင့် ၀.၅၂၅ တန် နယ်စပ်ကုန်သွယ်ရေးမှတစ်ဆင့် တင်ပို့နိုင်ခဲ့ပါတယ်။ တရုတ်(တိုင်ပင်)သို့ မြန်မာနိုင်ငံ MBM Company က လျှော်ဖြူစေးတင်ပို့ရန် ပို့ကုန်လိုင်စင်လျှောက်ထားခဲ့ရာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၀၀၀၀ ဖြင့်လျှောက်ထားလာတာကို တွေ့ရပါတယ်။ မြန်မာနိုင်ငံလျှော်ဖြူစေး ထုတ်လုပ်မှုတိုးတက်ရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနဲ့ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှာ ဖွင့်လှစ်ထားတဲ့ ကုန်သွယ်မှုဗဟိုဌာန(၁၂)ခုမှ ကုန်သွယ်မှု၊ စီးပွားရေး၊ ကုန်ထုတ်လုပ်မှုနှင့် သက်ဆိုင်တဲ့ သတင်းဖြန့်ဝေခြင်း၊ ဝန်ဆောင်မှုလုပ်ငန်းများအား အခမဲ့ဦးစားပေး ဆောင်ရွက်လျက်ရှိပါတယ်။ ဒေသအလိုက်ထွက်ရှိသော လျှော်ဖြူစေးများအား ကုန်သွယ်မှုဗဟိုဌာနများအလိုက် ဒေသထွက်ကုန်ပြခန်းများ၌ ကုန်ပစ္စည်းအချက်အလက်များ ပြုစုပြသခြင်း၊ ဝယ်ယူလိုသော ကုန်သည်များသိရှိစေရေးအတွက် သတင်းဖြန့်ဝေခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ဒေသထွက်ကုန်ပြပွဲများနှင့် အလုပ်ရုံဆွေးနွေးပွဲများတွင်လည်း မြန်မာ့လျှော်ဖြူစေးများ ပြည်ပသို့ ဈေးကွက်တိုးချဲ့တင်ပို့နိုင်ရေးအတွက် ပြခန်းများဖွင့်လှစ်ပြသနိုင်ရန် စီစဉ်ဆောင်ရွက်ပေးခြင်း၊ စာတမ်းများဖတ်ကြားရှင်းလင်းခြင်းကို ဆောင်ရွက်လျက်ရှိပါတယ်။ ထို့အပြင် လျှော်ဖြူထုတ်လုပ်မှုမှာ စုပေါင်းဆောင်ရွက်မှုရရှိလာစေရေးနှင့် လျှော်ဖြူကုန်စည်ဒိုင်များဖွံ့ဖြိုးလာရေးအတွက် မြန်မာနိုင်ငံ လျှော်ဖြူအသင်းအား ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့မှာ အသင်းသား ၄၅၅ ဦးဖြင့် ဖွဲ့စည်းခဲ့ပြီး မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့တွင်လည်း လျှော်ဖြူအသင်း၊ အစုအဖွဲ့များ ဖွဲ့စည်းထားရှိပြီးဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့်လည်း လျှော်ဖြူပင်ကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုအပေါ် လိုက်လျောညီထွေဖြစ်စေရေးအတွက် သီးနှံအမယ်စုံစိုက်ပျိုးရေး (Crop Diversification) နှင့် သီးနှံ၊ သစ်တောရောနှော တောင်သူပညာပေးစိုက်ကွက်များအဖြစ် စိုက်ပျိုးပြသလျက်ရှိပါတယ်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် လျှော်ဖြူအပါအဝင် မြန်မာနိုင်ငံမှထွက်ရှိသော

ခိုင်မာသော ဈေးကွက်ရှာဖွေနိုင်ရေးအတွက် မြန်မာသံရုံး၊ စီးပွားရေးသံရုံးများမှတစ်ဆင့်လည်းကောင်း၊ နိုင်ငံတကာကုန်စည်ပြပွဲများတွင် ပါဝင်ပြသခြင်းဖြင့်လည်းကောင်း၊ ထုတ်ကုန်ဆိုင်ရာအသင်းအဖွဲ့များ ဖွဲ့စည်းပေးခြင်းဖြင့်လည်းကောင်း၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပေးခြင်းဖြင့်လည်းကောင်း၊ ဈေးကွက်အခြေအနေများစုံစမ်းထောက်လှမ်းခြင်းနှင့် ဈေးကွက်ရရှိရေးအတွက်ညှိနှိုင်းဆွေးနွေးခြင်းများကို ဆောင်ရွက်လျက်ရှိပါကြောင်းနဲ့ ဈေးကွက်ဆိုင်ရာသတင်းအချက်အလက်များကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန Website တွင် ဖော်ပြပေးလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**သံဖြူဇရပ်မြို့လယ်ခေါင်၊ ပြည်ထောင်စုလမ်းမနံဘေးရှိ ကုန်သွယ်လယ်ယာနှင့် သမဝါယမအသင်းစုပိုင်ဂိုဒေါင်မြေနေရာတွင် မြို့တော်ခန်းမဆောက်လုပ်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးဉာဏ်ဟိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဉာဏ်ဟိန်း(သံဖြူဇရပ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အစည်းအဝေးခန်းမအတွင်းမှာရှိတဲ့ ဂုဏ်သရေရှိပုဂ္ဂိုလ်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ သံဖြူဇရပ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဟိန်း ဖြစ်ပါတယ်။ အခု ကျွန်တော်မေးလိုသောမေးခွန်းက သံဖြူဇရပ်မြို့လယ်ခေါင်၊ ပြည်ထောင်စုလမ်းမနံဘေးရှိကုန်သွယ်လယ်ယာမြေနှင့် မြို့နယ်သမဝါယမအသင်းစုပိုင်မြေတွင် မြို့တော်ခန်းမဆောက်လုပ်ပေးရန်အစီအစဉ်ရှိ/မရှိဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံက ပါတီစုံဒီမိုကရေစီစနစ်ကိုဖော်ဆောင်နေကြောင်းအားလုံးအသိပဲဖြစ်ပါတယ်။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၇ မှာ ပြဆိုထားပြီးဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်က လူထုကိုဗဟိုပြုမျက်နှာမူနေရမှာမိုလို့ နိုင်ငံ့အကြီးအကဲနှင့် အုပ်ချုပ်သူအစိုးရဝန်ကြီးချုပ်၊ ဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များက လူထုနဲ့ကျယ်ကျယ်ပြန့်ပြန့်တွေ့ဆုံဆွေးနွေးဖို့လိုပါတယ်။ လူထုအစည်းအဝေးကြီးတွေလည်းကျင်းပဖို့လိုအပ်ပါတယ်။ အဲဒီလိုတွေ့ဖို့မြို့နယ်တိုင်းမှာ လူထုများများနဲ့ ဥတုသုံးပါးမရွေး တွေ့ဆုံနိုင်တဲ့မြို့တော်ခန်းမလိုအပ်ပါတယ်။ ကျွန်တော်တို့မြို့နယ်မှာမရှိပါဘူး။ မြို့တော်ခန်းမ(Town Hall) ဆိုတာကလည်း မြို့လယ်ခေါင်မှာမှတင့်တယ်ပါတယ်။ ဆင်ခြေဖုံးတွေမှာဆောက်တဲ့ အမျိုးအစားထဲမှာ မပါပါဘူး။ သံဖြူဇရပ်မြို့လယ်ခေါင်မှာ မြေနေရာမရှိတော့ပါဘူး။ သို့သော်လည်းပဲ မြို့လယ်ခေါင်ပြည်ထောင်စုလမ်းမကြီးနံဘေး ကျောင်းပိုင်းရပ်ကွက်မှာတော့ ကုန်သွယ်လယ်ယာဌာနက မျက်နှာစာ ၈၄ ပေအကျယ်၊ အရှည် ၂၉၀ ပေနှင့် ၂၅၇ ပေ ရှိပြီး ၀.၆၅၅ ဧကရှိပါတယ်။ အဲဒီနေရာမှာ ဆိုင်ခန်းတွေငှားစားပြီးတော့ ဘာမှအသုံးမပြုတော့တဲ့ ဂိုဒေါင်ပျက်ကြီးကိုလည်းကောင်း၊ ဆက်လျက်မှာ မြို့နယ်သမဝါယမအသင်းစုပိုင်မျက်နှာစာ ၁၅၀ ပေ၊ အရှည် ၂၅၇ ပေမှာ မြေဧရိယာ ၀.၆၂၉ ဧကကိုလည်းပဲ မျက်နှာစာဆိုင်ခန်းငှားစားပြီးတော့ အသုံးမပြုတော့တဲ့ ဂိုဒေါင်ပျက်ကြီးထားရှိတုန်းဆိုတာကို တွေ့ရှိရပါတယ်။ ဒူးနေရာဒူးတော်နေရာတော် ဖြစ်မနေပါဘူး။ အကယ်၍ သမဝါယမအသင်းစုရော၊ ကုန်သယ်လယ်ယာကပါအကြောင်းအမျိုးမျိုးပြပြီး စွန့်လွှတ်ရန်ငြင်းဆိုပါက ခ.လ.ရ (၆၂)အနီး စက်မှု(၂)က စွန့်လွှတ်မြေဧက ၄၀ နေရာမှာ အစားထိုးပြောင်းပေးဖို့ရှိပါတယ်။ ဒီကိစ္စတွေကိုလည်း ကျွန်တော် ပြည်နယ်ဝန်ကြီးချုပ်နဲ့

တွေ့ဆုံတင်ပြခဲ့ပြီးဖြစ်ပါတယ်။ သို့သော်လည်း ရန်ပုံငွေနည်းပါးတဲ့ ပြည်နယ်ဖြစ်တဲ့အတွက် ဒီမြို့တော်ခန်းမကြီးကို ပြည်ထောင်စုနှင့်ပြည်နယ်ပေါင်းစပ်ပြီးတော့ ဖော်ဆောင်ပေးရင်တော့ ဖြစ်နိုင်တဲ့အတွက်ကြောင့် ကျွန်တော်မေးခွန်းမေးမြန်းရခြင်းဖြစ်ပါတယ်။ ဒီခန်းမကြီးဆောက်ပြီးလို့ ကုန်ကျစရိတ်နဲ့ဝန်ထမ်းခတွေကိုလည်း ဒီခန်းမငှားရမ်းခကနေပြီးတော့မှ သက်သောင့်သက်သာနဲ့ ဖြေရှင်းသွားနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော့်မေးခွန်းကို အကောင်အထည်ဖော်ပေးရန် အစီအစဉ်ရှိ/မရှိကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာသို့ မဲဆန္ဒရှင်များကိုယ်စား ရိုသေစွာမေးမြန်းအပ်ပါတယ်။ အားလုံးကိုယ်စိတ်နှဖြာကျန်းမာ၊ ချမ်းသာကြပါစေ။

**ဥက္ကဋ္ဌ**။ ။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်ထူး(ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မွန်ပြည်နယ်၊ သံဖြူဇရပ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဟိန်းရဲ့မေးခွန်းနှင့်စပ်လျဉ်းပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ မွန်ပြည်နယ်အစိုးရအဖွဲ့တို့ရဲ့ ဖြေကြားချက်များနှင့်ပေါင်းစပ်ပြီး ကျွန်တော်စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက ဖြေကြားတင်ပြသွားမှာဖြစ်ပါတယ်။

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့၊ မြို့လယ်ခေါင် ပြည်ထောင်စုလမ်းနံဘေးမှာရှိတဲ့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန (ယခင်ကုန်သွယ်လယ်ယာ)ပိုင်သိုလှောင်ရုံအား ၁၉၇၆ ခုနှစ်မှာ လယ်ယာကိုင်းကျွန်းနှင့် ဥယျာဉ်ခြံမြေထွက်ကုန်ပစ္စည်းကုန်သွယ်ရေးကော်ပိုရေးရှင်းလက်ထက်ကတည်ဆောက်ခဲ့ပြီး ဆန်စပါးများဝယ်ယူ၍ သိုလှောင်ခဲ့ပါတယ်။ အဆိုပါသိုလှောင်ရုံကို နောက်ပိုင်းမှာ မြို့နယ်မန်နေဂျာရုံးအဖြစ် အသုံးပြုခဲ့ပါတယ်။ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးကို အဆင့်ဆင့်ပြောင်းလဲဖွဲ့စည်းခဲ့ရာ ၂၀၁၆ ခုနှစ်မှာ စားသုံးသူရေးရာဦးစီးဌာနအဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ပါတယ်။

လက်ရှိ စားသုံးသူရေးရာဦးစီးဌာနအနေနဲ့ စားသုံးသူအကာအကွယ်ပေးရေးနှင့် ပြည်တွင်းကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ စားသုံးသူအကာအကွယ်ပေးရေးနှင့်ပတ်သက်လို့ စားသုံးသူများမှ မိမိတို့ရဲ့နစ်နာမှုများအပေါ် သတင်းပို့တိုင်ကြားလိုပါက အလွယ်တကူတိုင်ကြားနိုင်ပြီး ယင်းသို့တိုင်ကြားလာသည့်ကိစ္စရပ်များအပေါ် အမြန်ဆုံးတုံ့ပြန်ဖြေရှင်းပေးနိုင်ရန်အတွက် စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးဌာနများကိုလည်း တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့နယ်များတွင် ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါတယ်။

လွှတ်တော်ကိုယ်စားလှယ်မှတင်ပြခဲ့တဲ့ သံဖြူဇရပ်မြို့လယ်ခေါင်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနပိုင် သိုလှောင်ရုံကို လက်ရှိမှာ စားသုံးသူရေးရာဦးစီးဌာနရဲ့ မြို့နယ်တာဝန်ခံရုံးအဖြစ် ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါရုံးမှာ စားသုံးသူ

သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးဌာနကို ဖွင့်လှစ်သွားရန် စီမံဆောင်ရွက်လျက်ရှိပါတယ်။ သို့ဖြစ်၍ သံဖြူဇရပ်မြို့ရှိ စားသုံးသူရေးရာဦးစီးဌာနရဲ့ အဆောက်အအုံကို နိုင်ငံတော်အတွက် အရေးပါတဲ့လုပ်ငန်းများ ဆောင်ရွက်နေတဲ့အတွက် လွှဲပြောင်းပေးအပ်နိုင်ခြင်း မရှိပါကြောင်း ဖြေကြားအပ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီးဆွေးနွေးမှုမှာပါဝင်တဲ့ သံဖြူဇရပ်မြို့လယ်ခေါင်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမ အသင်းစုပိုင်မြေဟာ ၂၀၀၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်နေ့မှာ မြို့နယ်သမဝါယမအသင်းစုပိုင် လီမိတက် ဥက္ကဋ္ဌဖြစ်သူ ဦးနီက မြို့နယ်တရားရုံး တရားသူကြီးရှေ့မှောက်၌ အသင်းပိုင်ဆိုင်ကြောင်း မြွတ်ဟ၍ ကျမ်းကျိန်ဆိုပြီးရယူခဲ့တဲ့မြေ ဖြစ်ပါတယ်။ ယင်း မြို့နယ်သမဝါယမအသင်းစုပိုင်မြေဧရိယာ ၁.၈၂ ဧကအနက် ဧရိယာ ၁.၁၉၁ ဧကကို သမဝါယမပိုင် အဆောက်အဦနှင့်မြေအဖြစ် လွှဲပြောင်း ပေးခဲ့တဲ့အတွက် လက်ရှိ သံဖြူဇရပ်မြို့နယ် သမဝါယမဦးစီးဌာနရုံးကို ဖွင့်လှစ်ဆောင်ရွက်လျက် ရှိပါတယ်။ ကျန်ရှိမြေ ၀.၆၂၉ ဧကပေါ်တွင် (၄၀ ပေ x ၁၀၀ ပေ)ဂိုဒေါင်နှင့် ပြည်ထောင်စုလမ်းမကြီး ရဲ့ ဘေးလမ်းမဘက်မျက်နှာမူ၍ ဆိုင်ခန်း ၁၄ ခန်း ဆောက်လုပ်ထားရှိပါတယ်။ ဂိုဒေါင်တွင် ဓာတ်မြေဩဇာသိုလှောင်ဖြန့်ဖြူး ရောင်းချခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိပါတယ်။ ငှားရမ်းထား သောဆိုင်ခန်းများကိုလည်း စာချုပ်သက်တမ်းပြည့်သဖြင့် ဖယ်ရှားပြီးဖြစ်ပါတယ်။ အဆိုပါဆိုင်ခန်းများ နေရာမှာ ဂိုဒေါင်ကိုဖျက်သိမ်းပြီး ဧည့်ရိပ်သာအဖြစ် ပြုပြင်ဆောက်လုပ်ရန် စီစဉ်ဆောင်ရွက်လျက် ရှိပါတယ်။

သံဖြူဇရပ်မြို့နယ် သမဝါယမအသင်းစုဟာ အသေးစားအရင်းအနှီးချေးငွေလုပ်ငန်း၊ လယ်ယာသုံး၊ လုပ်ငန်းသုံးနှင့် ရေလုပ်ငန်းသုံးပစ္စည်းများ အရစ်ကျရောင်းချခြင်းလုပ်ငန်း၊ သွင်းအားစု များ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း၊ လယ်ယာဝန်ဆောင်မှုအထောက်အကူပြုလုပ်ငန်း၊ လယ်ယာမြေ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး မြို့နယ်အတွင်းရှိ သမဝါယမအသင်းပေါင်း ၆၇ သင်း၊ အသင်းသားဦးရေ ၅၄၅၅ ဦးအတွက် လူမှု စီးပွားရေးမြှင့်တင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးနေပါတယ်။

သို့ဖြစ်၍ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းချက်မှာပါတဲ့ မြို့နယ်သမဝါယမအသင်းစုပိုင် မြေနေရာနှင့်ပတ်သက်၍ လက်ရှိတွင် ဓာတ်မြေဩဇာသိုလှောင်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်နေခြင်းကြောင့်လည်းကောင်း၊ သမဝါယမအသင်း၏ လုပ်ငန်းများစဉ်ဆက်မပြတ် ရှင်သန် ဖွံ့ဖြိုးအောင်ဆောင်ရွက်ရေးနှင့် ရေရှည်ရပ်တည်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိခြင်း တို့ကြောင့်လည်းကောင်း စွန့်လွှတ်ပေးနိုင်ခြင်းမရှိပါကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနမှ ဖြေကြားချက်ကိုတင်ပြအပ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းခဲ့တဲ့ မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်အတွက် လွှန်စွာလိုအပ်နေတဲ့ မြို့တော်ခန်းမတည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်ပတ်သက်၍ မွန်ပြည်နယ်အစိုးရအနေဖြင့် မြို့စီမံကိန်း(Town Plan)ရေးဆွဲရာမှာ သံဖြူဇရပ်မြို့နယ် ဖောင်စိန်ကျေးရွာရှိ စက်မှုဝန်ကြီးဌာနက စွန့်လွှတ်တဲ့မြေဧက ၄၀ နေရာမှာ

သံဖြူဇရပ်ခန်းမတည်ဆောက်ရန် မြို့စီမံကိန်းတွင် ထည့်သွင်းရေးဆွဲထားပြီးဖြစ်ပါကြောင်းကိုလည်း တင်ပြအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးညာဏ်ဟိန်း(သံဖြူဇရပ်မဲဆန္ဒနယ်)**။ ။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်မေးခွန်းမှာ ပါပါတယ်။ မြို့တော်ခန်းမဆိုတာ မြို့လယ်ခေါင်မှာရှိတဲ့တင့်တယ်တဲ့အမျိုးအစားလို့ ကျွန်တော်ဖော်ပြခဲ့ပါတယ်။ ခုနကပြောသွားတဲ့ ကုန်သွယ်လယ်ယာရော၊ မြို့နယ်သမဝါယမရုံးအတွက်ကို လုပ်ငန်းတွေကို ခုနက ကျွန်တော်စောစောပိုင်းတင်ပြခဲ့တဲ့ ဖောင်စိန်ရပ်ကွက်၊ ခ.လ.ရ(၆၂)ရဲ့ ရှေ့မှာရှိပါတယ်။ လုံခြုံရေးလည်း အလွန်ကောင်းပါတယ်။ ခုနကပြောတဲ့ ကုန်သွယ်လယ်ယာဂိုဒေါင်အတွက်လည်း စိတ်ချရပါတယ်။ ဒါကြောင့် ကျွန်တော်မေးစဉ်ကတည်းက ဒါကိုထည့်သွင်းမေးထားပြီးဖြစ်ပါတယ်။ ဒူးနေရာဒူး တော်နေရာတော် ဖြစ်ဖို့ရယ်လို့ ကျွန်တော်ဖော်ပြခဲ့ပါတယ်။ နောက် ဒါကိုလည်းပဲ ကျွန်တော် သက်ဆိုင်တဲ့ ပြည်နယ်အစိုးရနဲ့လည်း ညှိနှိုင်းထားပြီးဖြစ်ပါတယ်။ အဲဒီဧက ၄၀ စွန့်လွှတ်မြေမှာ မူလလျာထားတာက မြို့တော်ခန်းမမဟုတ်ပါဘူး။ သာသနာ့ဗိမ္မာန်ဖြစ်ပါတယ်။ မြို့တော်ခန်းမဆိုတာက ကျွန်တော်တို့ခုနကဆိုခဲ့တဲ့ လူထုအစည်းအဝေးကြီးတွေလုပ်ဖို့အတွက်ဖြစ်ပါတယ်။ တရားနာ၊ တရားဟောဖို့အတွက် မဟုတ်ပါဘူး။ ဒါကြောင့် ကျွန်တော်တင်ပြခဲ့တဲ့အဆိုကို ပြန်လည်စဉ်းစားပေးဖို့ ဆက်စပ်မေးခွန်းကို မဲဆန္ဒရှင်ပြည်သူလူထုကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် ထပ်မံမေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဖြေကြားနိုင်က ဖြေကြားပေးပါရန် မေတ္တာရပ်ခံပါတယ်။

**ဦးအောင်ထူး(ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ထပ်ဆင့်မေးမြန်းတဲ့မေးခွန်းနဲ့ ပတ်သက်ပြီးတဲ့အခါကျတော့ ကျေးဇူးတင်ရှိပါတယ်။ ကျွန်တော်တို့မေးခွန်းကိုဖြေကြားတဲ့အခါမှာ မိမိတို့ရဲ့ဝန်ကြီးဌာန ဒီ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနတို့ရဲ့သဘောထား၊ မွန်ပြည်နယ်အစိုးရရဲ့သဘောထားများကို ကျွန်တော့်အနေနဲ့ ပေါင်းစပ်ဖြေကြားသွားတာဖြစ်ပါတယ်။ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ လုပ်ပေးနိုင်တဲ့အချက်တစ်ချက်တော့ရှိပါတယ်။ ဒါကတော့ ဒီကျိုက္ခမီ-စက်စဲ-သံဖြူဇရပ်ကားလမ်းဘေးမှာရှိတဲ့ မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ သံဖြူဇရပ်မြို့နယ်၊ ကြာကန်ရပ်ကွက်မှာ မြေ ၃.၇၈ ဧကအား ဌာနမှအသုံးပြုရန်မလိုအပ်တော့တဲ့အတွက် နိုင်ငံတော်ကို အပ်နှံခဲ့ပြီးဖြစ်ပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာနကလည်း ဒီမြေကို နိုင်ငံတော်ပိုင်မြေ(State Land) အဖြစ် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့မှာ အမိန့်ကြော်ငြာစာထုတ်ပြန်သတ်မှတ်ထားပြီးဖြစ်ပါတယ်။ အဆိုပါမြေအား မြို့တော်ခန်းမဆောက်လုပ်ရန်အတွက် အသုံးပြုလိုပါက သက်ဆိုင်ရာမြေယာစီမံခန့်ခွဲမှုကော်မတီကို ညှိနှိုင်းတောင်းခံဆောင်ရွက်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါပြီ။

**မူကြမ်း**

**အုတ်တွင်းမြို့နယ်၊ ဘန့်ဘွေးကုန်းကျေးရွာအုပ်စုရှိ ရပ်ဆိုင်းထားသော ချဉ်ပေါင်ပျော့ ဖတ်စက်ရုံအား BOT စနစ်ဖြင့် အထည်ချုပ်လုပ်ငန်းအနေဖြင့် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ချိုချို(အုတ်တွင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်အားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ အုတ်တွင်းမဲဆန္ဒနယ်က ဒေါ်ချိုချိုဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတဲ့မေးခွန်းကတော့ ကျွန်မရဲ့မဲဆန္ဒနယ်ဖြစ်သော အုတ်တွင်းမြို့နယ်၊ ဘန့်ဘွေးကုန်းကျေးရွာအုပ်စုရှိ လည်ပတ်ခြင်းမရှိဘဲ ရပ်ဆိုင်းထားတဲ့ ချဉ်ပေါင်ပျော့ဖတ်စက်ရုံအား BOT စနစ်ဖြင့် အထည်ချုပ်လုပ်ငန်းအနေဖြင့် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ မေးခွန်းမေးမြန်းရတဲ့အကြောင်းအရင်းကို တင်ပြလိုပါတယ်။ အဆိုပါ ချဉ်ပေါင်ပျော့ဖတ်စက်ရုံဟာ နှစ်နှစ်ခန့်သာလည်ပတ်ပြီး စက်ကိရိယာများချို့ယွင်းသည်ဟူသော အကြောင်းပြချက်ဖြင့် လည်ပတ်ခြင်းမရှိဘဲ ရပ်ဆိုင်းထားသည်မှာ ၁၀ နှစ်ခန့်ကြာမြင့်သွားပြီးမအောင်မြင်တဲ့လုပ်ငန်းတစ်ခု ဖြစ်ပါတယ်။ ဒေသခံပြည်သူတွေလုပ်ကိုင်စားသောက်နေတဲ့ လယ်ယာမြေဧက ၃၁၁.၉၀ ဧကကို သီးနှံလျော်ကြေး တစ်ဧကကို ၂၀၀ ကျပ်တိတိပေးပြီးတော့ လယ်ယာမြေအတွက်တော့ တစ်စုံတစ်ရာလျော်ကြေးပေးခြင်းမရှိဘဲ သိမ်းယူကာ စက်ရုံတည်ဆောက်ရန်နှင့် ဂုန်လျှော်စိုက်ပျိုးရန်အတွက် အသုံးပြုထားခြင်းလည်း ဖြစ်ပါတယ်။ သီးနှံလျော်ကြေး ၂၀၀ မှာလည်း အပြည့်အဝရရှိခြင်းမဟုတ်ဘဲ တစ်ဝက်ခန့်သာရရှိခြင်း ဖြစ်ပါတယ်။ စက်ရုံကို ၂၀၀၂ ခုနှစ်မှာ တည်ထောင်ပြီး ၁၀၀၇ ခုနှစ်မှာစတင်လည်ပတ်ခဲ့ရာမှာ စက်ပြင်မွမ်းမံရန်လိုအပ်တဲ့ ရန်ပုံငွေခက်ခဲခြင်း၊ စက်များရဲ့အရည်အသွေးကျဆင်း၍ စွမ်းအားပြည့်မလည်နိုင်ခြင်းတို့ကြောင့် နှစ်စဉ်အရှုံးပေါ်ခဲ့ပြီး ရပ်ဆိုင်းထားရတဲ့အခြေအနေကို ရောက်ရှိသွားရခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ Power Point အသုံးပြုခွင့်ပြုပါရှင်။ ဒါကတော့ ဘန့်ဘွေးကုန်း ချဉ်ပေါင်ပျော့ဖတ်စက်ရုံရဲ့ တည်ဆောက်ပုံအနေအထားဖြစ်ပါတယ်။ ဒါကတော့စက်ရုံအတွင်းက စက်ပစ္စည်းတွေရဲ့ အနေအထားဖြစ်ပါတယ်။ ဒီဟာကတော့ ကျွန်မတို့ ဒီလယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနကနေပြီးတော့မှ ပိုင်တဲ့မြေနေရာဖြစ်ပါတယ်။ ဒါကတော့ ကျွန်မတို့ လယ်ယာမြေတွေကို တစ်စုံတစ်ရာလျော်ကြေးရရှိခြင်းမရှိဘဲနဲ့ လက်ရှိလုပ်ကိုင်နေတဲ့ တောင်သူတွေဆီကနေပြီးတော့ လယ်ယာမြေတွေကို အသိမ်းဆည်းခံထားရတဲ့အတွက်ကြောင့်မို့လို့ တောင်သူလယ်သမားများနှင့်တွေ့ဆုံတာဖြစ်ပါတယ်။ ဒါကတော့ တောင်သူလယ်သမားများနှင့်အတူ ကျွန်မတို့တစ်တွေ ကွင်းဆင်းခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ လည်ပတ်ခြင်းမရှိဘဲ ရပ်ဆိုင်းထားသော ချဉ်ပေါင်ပျော့ဖတ်စက်ရုံသည် အဆောက်အအုံများလည်း ပြည့်စုံခိုင်ခံ့ကြီးမားစွာရှိနေပြီး စက်ရုံအတွင်းရှိ ချို့ယွင်းနေတဲ့ စက်ကိရိယာများနေရာများမှာ အထည်ချုပ်စက်ရုံအတွက်လိုအပ်တဲ့ စက်ကိရိယာပစ္စည်းများကို ပြောင်းလဲတပ်ဆင်လိုက်ခြင်းဖြင့် အထည်ချုပ်စက်ရုံအဖြစ် လည်ပတ်နိုင်မည်ဖြစ်ပါတယ်။ ထို့အပြင် စက်ရုံတည်ရှိရာဒေသမှာအထည်ချုပ်လုပ်ငန်းနှင့် သက်ဆိုင်တဲ့ ကျွမ်းကျင်တဲ့လုပ်ငန်းတွေပေါများခြင်း၊ လုပ်ငန်းတိုးချဲ့

ရေးအတွက် မြေနေရာလုံလောက်စွာရှိနေခြင်း၊ စက်ရုံလည်ပတ်ရေးအတွက် လုံလောက်သော ၄၄၀ ဗို့အားလိုင်းများ၊ ဓာတ်အားခွဲရုံများရှိနေခြင်း၊ အသုံးပြုမည့်ကုန်ကြမ်းနှင့် ထွက်ရှိလာတဲ့ ကုန်ချောသယ်ယူပို့ဆောင်ရေးအတွက် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်းစတဲ့ အခြေခံအဆောက်အအုံများလည်း ပြည့်စုံလုံလောက်စွာရှိနေပါတယ်။ BOT စနစ်ဖြင့်အထည်ချုပ်စက်ရုံကြီးလည်ပတ်နိုင်မယ်ဆိုရင်လည်း ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းတွေရရှိနိုင်ပြီး ရင်းနှီးမြှုပ်နှံသူများအတွက်လည်းအဆင်ပြေစေနိုင်မှုများရှိစေကာ နိုင်ငံတော်အတွက်လည်း အခွန်ဘဏ္ဍာငွေတွေရရှိနိုင်မည်ဖြစ်တဲ့အတွက်ကြောင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် အထက်ပါမေးခွန်းကိုမေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ချိုချိုရဲ့ အုတ်တွင်းမြို့နယ်အတွင်းမှာရှိ ဘန့်ဘွေးကုန်းကျေးရွာအုပ်စုမှာ လည်ပတ်ခြင်းမရှိဘဲ ရပ်ဆိုင်းထားတဲ့ ချဉ်ပေါင်ပျော့ဖတ်စက်ရုံနှင့်ပတ်သက်ပြီး လက်ရှိလုပ်ငန်းတွေ ဆောင်ရွက်နိုင်ဖို့မရှိဘဲ ရပ်ဆိုင်းထားတဲ့အလျောက် BOT စနစ်နှင့် အထည်ချုပ်လုပ်ငန်း ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ စပ်လျဉ်းတဲ့မေးခွန်းနှင့်ပတ်သက်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးကျွန်တော်ဦးလှကျော်မှ ပြန်လည်ဖြေကြားပေးပါမယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၀၂ ခုနှစ်မှာ အဲဒီအချိန်ကာလက လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ မြန်မာ့ဂုန်လျှော်ပစ္စည်းလုပ်ငန်းအနေနဲ့ အုတ်တွင်းချဉ်ပေါင်ပျော့ဖတ်စက်ရုံကို စတင်တည်ထောင်ခဲ့ပြီးတဲ့နောက် ၂၀၀၇ ခုနှစ်မှာ စက်ရုံကို စတင်လည်ပတ်ခဲ့ခြင်းဖြစ်ပါတယ်။ အုတ်တွင်းချဉ်ပေါင်ပျော့ဖတ် စက်ရုံအတွက် စက်ပစ္စည်းမှာ စက်တွေကို ပြင်ဆင်မွမ်းမံဖို့အတွက်လိုအပ်တဲ့ အခြေအနေရှိတဲ့အလျောက် ရန်ပုံငွေအခက်အခဲ၊ နောက်တစ်ခါ စက်ရဲ့ Capacity အရ စွမ်းအားပြည့်မလည်ပတ်နိုင်မှုအခြေအနေ၊ တစ်ဖက်မှာလည်းပဲ လိုအပ်တဲ့ကုန်ကြမ်းတွေ အပြည့်အဝမရရှိတဲ့အခြေအနေရှိခဲ့တဲ့အလျောက် စက်ရုံရဲ့ကုန်ထုတ်လုပ်မှုအပိုင်း ကျဆင်းပြီးတော့ နှစ်စဉ်အရှုံးဖြစ်ပေါ်နေကြောင်း သိရှိရပါတယ်။

အဲ့လိုအခြေအနေမှာ နိုင်ငံတော်အတွက် ဝန်ထုပ်ဝန်ပိုးဖြစ်နေပြီး ဈေးကွက်စီးပွားရေးစနစ်အရ နိုင်ငံတော်ကမဆောင်ရွက်သင့်တော့ဘဲ စက်ရုံထုတ်လုပ်မှုလုပ်ငန်းများကို ပုဂ္ဂလိကကဏ္ဍ ရင်းနှီးမြှုပ်နှံမှုခွင့်ပေးပြီး ဆောင်ရွက်ခြင်းဖြင့် ပိုမိုတိုးတက်လာဖို့ ရည်ရွယ်ပြီးတော့မှ အဆိုပါစက်ရုံကို ပုဂ္ဂလိကသို့ ငှားရမ်းနိုင်ရေးအစီအမံများ ချမှတ်ဆောင်ရွက်ခဲ့ကြောင်း စိစစ်သိရှိရပါတယ်။ အဆိုပါစက်ရုံကို ငှားရမ်းဖို့ကိစ္စနှင့် စပ်လျဉ်းပြီး နိုင်ငံတော်သမ္မတရုံးကနေ ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်

ရက်စွဲနဲ့ ခွင့်ပြုချက်နှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးရဲ့ ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက် ရက်စွဲပါစာဖြင့် အတည်ပြုခဲ့ခြင်းဖြစ်ပါတယ်။ စက်ရုံအနေနဲ့ ငှားရမ်းမှုပိုင်းမှာ တစ်နှစ်ငှားရမ်းခ ကျပ်သိန်း ၈၀ နှင့် ၁-၁-၂၀၁၃ ရက်နေ့မှစတင်ပြီး နှစ် ၃၀ ငှားရမ်းခဲ့တဲ့အခြေအနေဖြစ်ပါတယ်။

ငှားရမ်းခဲ့တဲ့ ကုမ္ပဏီအနေနဲ့ မူလလုပ်ငန်းဖြစ်တဲ့ ချဉ်ပေါင်ပျော့ဖတ်ထုတ်လုပ်မှု ဆောင်ရွက် ရာမှာ လျှော်စိုက်တောင်သူများအနေနဲ့ လျှော်ကုန်ကြမ်းစိုက်ပျိုးမှုထက် ဈေးကွက်ကောင်းသီးနှံတွေ စိုက်ပျိုးမှုအပေါ်မှာ အာရုံထားစိုက်ပျိုးလာတဲ့အလျှောက် ကုန်ကြမ်းရဖို့အခက်အခဲနှင့်အတူ ကုန်ချော ရောင်းချဖို့အတွက်မှာလည်းပဲ ပြည်ပမှာဈေးကွက်ဝင်အရည်အသွေးနဲ့အညီ မဆောင်ရွက်နိုင်တဲ့ အကန့်အသတ်များရှိလာတဲ့အခြေအနေ ဖြစ်ပေါ်လာခဲ့ပြီးတော့ စက်ရုံမှာအရှုံးပေါ်လာခဲ့ပါတယ်။ ဒါကြောင့်လည်းပဲ ဆက်လက်လည်ပတ်နိုင်ခြင်းမရှိတဲ့ အနေအထား ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိ ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စာချုပ်ပါ လုပ်ငန်းရည်ရွယ်ချက်တွေအပေါ်မှာ ဆက်လက်ဆောင်ရွက်ဖို့ အခက်အခဲရှိတဲ့အလျှောက် စက်ရုံကို ငှားရမ်းလုပ်ကိုင်နေတဲ့ ကုမ္ပဏီနှင့် ဝန်ကြီးဌာနတို့ အကြိမ်ကြိမ် ညှိနှိုင်းပြီးတော့မှ စီမံဆောင်ရွက်ခဲ့တာ ရှိပါတယ်။ စက်ရုံနှင့်တည်ရှိတဲ့ အခြေခံအဆောက်အအုံတွေ အပေါ်မှာ အကောင်းဆုံးအသုံးချနိုင်မယ့်ပုံစံနှင့် နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းစေပြီးတော့မှ ဒေသခံပြည်သူလူထု အလုပ်အကိုင်အခွင့်အလမ်းများကိုလည်းပဲ ပေါ်ထွက်လာစေမယ့် လုပ်ငန်းကို စီးပွားရေးပုံစံပြောင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရေး အတွက်ကိုလည်းပဲ ညှိနှိုင်းဆောင်ရွက်ခဲ့ပါတယ်။ ကုမ္ပဏီအနေနဲ့ စီးပွားရေးတွက်ခြေကိုက်တဲ့ အခြား လုပ်ငန်းဆောင်ရွက်မယ်ဆိုရင် စက်ရုံရဲ့တည်နေရာ၊ အခြေခံအဆောက်အအုံအခြေအနေ၊ ဈေးကွက် အခြေအနေနှင့်တကွ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းရဲ့ဖြစ်မြောက်နိုင်စွမ်း စူးစမ်းစိစစ်လေ့လာမှု (Feasibility Study) လုပ်ငန်းများဆောင်ရွက်ဖို့ လိုအပ်တဲ့အခြေအနေရှိပါတယ်။ ကုမ္ပဏီအနေနဲ့လည်းပဲ ဒီလို ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်နှင့်စပ်လျဉ်းပြီး ရင်းနှီးမြှုပ်နှံမည့်လုပ်ငန်းအပေါ်မှာ စူးစမ်းလေ့လာမှုပြုလုပ်ခြင်းနဲ့ အဘက်ဘက်က လေ့လာဆန်းစစ်ပြီး ရရှိလာတဲ့ တွေ့ရှိချက်များအရ ဌာနကို တင်ပြဆောင်ရွက်သွားမယ်ဆိုတဲ့ အနေအထားရှိခဲ့ပါတယ်။ ဒီလိုလုပ်ငန်းစဉ်ကို ကာလ သတ်မှတ်ပြီး အစီအစဉ်တကျ အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ဖို့အတွက် ၂၀၁၉ ခုနှစ်၊ ဧပြီလခန့်မှာ ရင်းနှီးမြှုပ်နှံမှုအစီအစဉ်စတင်နိုင်မည့် အခြေအနေကို တင်ပြဖို့အတွက် ကုမ္ပဏီကို စိစစ်အကြောင်းကြားထားပြီး ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကုမ္ပဏီမှတင်ပြလာမဲ့ ပြောင်းလဲဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း အမျိုးအစားအပေါ်မှာ မူလစာချုပ်ပါအချက်တွေကို အခြေခံပြီး နိုင်ငံတော်အတွက်လည်း အကျိုး ဖြစ်ထွန်းမှုရှိပြီး ဒေသခံပြည်သူတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိမှုစတဲ့ အချက်တွေကို ထည့်သွင်းသုံးသပ်ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ဒီလိုစီမံအကောင်အထည်ဖော် ဆောင်ရွက်မယ့် လုပ်ငန်းအနေအထားမှာ လွှတ်တော်ကိုယ်စားလှယ်ကြီး ထောက်ပြညွှန်းဆိုထားတဲ့ အထည်ချုပ် လုပ်ငန်းလည်း ပေါ်ထွန်းလာကောင်းပေါ်ထွန်းလာနိုင်ဖွယ်ရှိမှာဖြစ်သလို ယင်းထက်ပိုမိုအကျိုး ဖြစ်ထွန်းမယ့် လုပ်ငန်းများလည်း ဖြစ်တည်လာနိုင်မှုကိုလည်းပဲ မျှော်မှန်းဆောင်ရွက်နိုင်မည့်

အခြေအနေဖြစ်ပါတယ်။ သို့ဖြစ်တဲ့အတွက် လက်ရှိအုတ်တွင်းမြို့နယ်အတွင်းမှာရှိတဲ့ ချဉ်ပေါင်ပျော့ဖတ်စက်ရုံနှင့် စပ်လျဉ်းပြီး BOT သို့မဟုတ် ဆီလျော်ညီညွတ်မယ့်နိုင်ငံခြား သို့မဟုတ် နိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ရပ် ဆောင်ရွက်သွားနိုင်ဖို့အတွက် ပြည်ထောင်စုအစိုးရအဖွဲ့၊ စီးပွားရေးရာကော်မတီသို့ တင်ပြအဆုံးအဖြတ်ခံယူပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားရန် ရှိမည်ဖြစ်ပါကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းအပေါ် ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါ်ချိုချို(အုတ်တွင်းမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်စပ်မေးခွန်းမေးခွင့်ပြုပါရှင့်။ အခုလိုမျိုး ဒုတိယဝန်ကြီးဖြေကြားပေးသွားတာတွေက အင်မတန်မှပြည့်စုံပါတယ်။ ဒါပေမဲ့ ကျွန်မအနေနဲ့ သိချင်တာကတော့ ခုနတုန်းက ကုမ္ပဏီဆိုတာကတော့ အရင်က ကျော်ထက်ကျော်ကုမ္ပဏီကို ငှားရမ်းထားတာဖြစ်ပါတယ်။ ဒါပေမဲ့ ကျော်ထက်ကျော်ကုမ္ပဏီက နိုင်ငံတော်ကို အခွန် သိန်း ၈၀ ပေးတယ်။ ဒါပေမဲ့ စက်ရုံကိုလုံးဝလည်ပတ်ခြင်းမရှိဘဲနဲ့ အဲဒီသန်း ၈၀ ဟာဆိုရင် တောင်သူတွေဆီကို သီးစားလယ်ယာတွေကို ငှားပြီးတော့မှ သူကနေပြီးတော့မှ ရရှိတဲ့ငွေတွေထဲကနေပြီးတော့မှ သိန်း ၈၀ ကို ဒါနိုင်ငံတော်ကို အခွန်ပေးတာပါ။ ဒါကြောင့်မို့လို့ အခုကျွန်မတို့ ထပ်ပြီးတော့ ဒီစက်ရုံကို အသွင်ကူးပြောင်းပြီးတော့မှ လည်ပတ်ဖို့အတွက် ပြန်လည်ပြီးတော့ ငှားရမ်းတဲ့နေရာမှာ ဒီကုမ္ပဏီကိုပဲ ဆက်လက်ပြီးတော့ ငှားရမ်းမှာလား။ ဒါမှမဟုတ် အခြားကုမ္ပဏီတွေကို ထပ်မံခေါ်ယူပြီးတော့ ငှားရမ်းမှာလားဆိုတာကို ကျွန်မအနေနဲ့ ထပ်ဆင့်မေးခွန်းအဖြစ် သိချင်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ ဆက်စပ်မေးခွန်းဖြစ်တဲ့ အုတ်တွင်းမဲဆန္ဒနယ်က ဒေါ်ချိုချိုကို ကျေးဇူးတင်ရှိပါတယ်။ ကုမ္ပဏီက စိစစ်ပြီးတင်ပြလာတဲ့အပေါ်မှာ မိမိတို့မှာ လုပ်ငန်းတွေဆက်လက်အကောင်အထည်ဖော်ဖို့အတွက် နိုင်ငံတော်သမ္မတရုံးကထုတ်ပြန်ထားတဲ့ ငှားရမ်းရေးနဲ့စပ်လျဉ်းတဲ့ ညွှန်ကြားချက်(၃/၂၀၁၈) ရှိပါတယ်။ (၃/၂၀၁၈) နှင့်အညီ ဆောင်ရွက်သွားပြီးတော့ ပြည်ထောင်စုအစိုးရအဖွဲ့ စီးပွားရေးကော်မတီကို တင်ပြအဆုံးအဖြတ်ရယူပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ ဆက်စပ်မေးခွန်းအပေါ် ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို ၃၀ မိနစ်ခန့် ခေတ္တရပ်နားမှာဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၅**။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

**မူကြမ်း**

[အစည်းအဝေးကို ၃၀ မိနစ်ခန့် ခေတ္တရပ်နားပါသည်။]

**အချိန်၊ ၁၁း၃၅။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**မုံရွာမြို့နယ်၊ ကြီးအုပ်ကျေးရွာအုပ်စု၊ ကြီးအုပ်ချောင်းအားပိတ်၍ ရေလှောင်တမံ အကောင်အထည် ဖော်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၁၁ ကို ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ မုံရွာမဲဆန္ဒနယ်မှ ဦးညွန့်အောင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးညွန့်အောင်(မုံရွာမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မုံရွာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်အောင် ဖြစ်ပြီး ကြီးအုပ်ကျေးရွာအုပ်စု ကြီးအုပ်ချောင်းအားပိတ်၍ ရေလှောင်တမံအကောင်အထည်ဖော်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရေလှောင်တမံတည်ဆောက်ခြင်းအားဖြင့် အကျိုးကျေးဇူးသုံးရပ်ကို ရရှိနိုင်မှာဖြစ်ပါတယ်။ ပထမအကျိုးကျေးဇူးကတော့ ကြီးအုပ်ကျေးရွာသူ ကျေးရွာသားတွေ နွေ၊ မိုး၊ ဆောင်း ရာသီသုံးခုလုံးမှာ ရေကို အလုံအလောက်ရရှိနိုင်စေမှာ ဖြစ်ပါတယ်။ ဒီကြီးအုပ်ချောင်းဟာ ကြီးအုပ်ကျေးရွာရဲ့အရှေ့ဘက်မှာရှိပြီး ပောဓိတစ်ထောင်တောင်ရိုးပေါ်မှ ရေဆင်းဧရိယာ ၃.၅ မိုင်နဲ့ စီးဆင်းလာတဲ့ချောင်းတစ်ခုဖြစ်ပါတယ်။ ကြီးအုပ်ကျေးရွာမှာ အိမ်ခြေ ၃၀၅ အိမ်၊ လူဦးရေ ၁၄၅၀ နေထိုင်ပြီး သောက်ရေသုံးရေအတွက် ဒီချောင်းကို အမှီသဟဲပြုနေရပါတယ်။ မိုးအခါမှာ အခက်အခဲမရှိပေမဲ့ နွေကာလမှာတော့ ရေဟာ ရှားလိုပါပဲ။ ရေအတွက် ခွဲတမ်းချရ၊ ရေအတွက် အငြင်းပွားရတာတွေလည်း ရှိခဲ့ပါတယ်။ ဒီအတွက် ဒေသခံပြည်သူတွေက ကြီးအုပ်ချောင်းကိုပိတ်ပြီး ဆည်ပြုလုပ်ပေးစေချင်ကြပါတယ်။

ဒုတိယအကျိုးကျေးဇူးအနေနဲ့ကတော့ ဒီဆည်ပြုလုပ်ခြင်းအားဖြင့် စိုက်ပျိုးရေအတွက်လည်း ရေရရှိနိုင်မှာဖြစ်ပါတယ်။ ကြီးအုပ်၊ ဘန်ဆီ၊ နိဗ္ဗာန်ဝကျေးရွာတွေရဲ့ စိုက်ပျိုးမြေဧက ၁၇၇၃ ဧကရှိတယ်လို့လည်း သိရပါတယ်။ ဒါ့အပြင် အောက်ဖက်အနိမ့်ပိုင်း ကွင်းပြင်ရွာတွေဖြစ်တဲ့ မုံရွေး၊ ကြေးမုံရွာတွေလည်း စိုက်ပျိုးမြေဧက ထောင်ချီပြီးတော့ ရှိပါတယ်။ ဒီကျေးရွာတွေရဲ့ စိုက်ပျိုးလယ်ယာမြေတွေဟာလည်း ရေလိုအပ်လျက်ရှိပါတယ်။ ယခင် ၁၉၈၀ နှစ်မတိုင်မီကတော့ တောပု၊ ကျပိုင်၊ မုံရွေး၊ ကြေးမုံကွင်းတွေဟာ ချင်းတွင်းမြစ်ရေဝင်ပြီး စိုက်ပျိုးမြေကောင်းခဲ့ပါတယ်။ နောက်ပိုင်းမှာ ငါးပေါက်တွဲ၊ ၁၀ ပေါက်တွဲများဖြင့် ရေတားလိုက်တဲ့အတွက် မြစ်ရေလိုသလောက်မရ၊ နုန်းမကျဖြစ်ပြီး

စိုက်ပျိုးမြေညံ့လာပါတယ်။ ယခုတော့ တောင်သူဦးကြီးတွေဟာ နုန်းမကျတဲ့အတွက် ဓာတ်မြေဩဇာကူရ၊ မြေအောက်ရေနက်သွားတဲ့အတွက် ရေစက်မောင်းဆီကူရ စတဲ့ အပိုသွင်းအားစုများ လိုလာပါတော့တယ်။ ဆည်တည်ဆောက်ခြင်းအားဖြင့် စိုက်ပျိုးရေပိုမိုရရှိလာနိုင်မှာဖြစ်တဲ့အတွက် အထိုက်အလျောက်သက်သာလာမှာ ဖြစ်ပါတယ်။ တတိယအကျိုးကျေးဇူးအနေနဲ့ကတော့ ဗောဓိတစ်ထောင်ဘုရားကြီးရဲ့ နောက်ကျောဘက်မှာရှိတဲ့ ကျောက္ကာ၊ ရွှေမြင်တင်ကာကွယ်တောဧရိယာ ၁၇၉၂၀ ဧကအတွက်လည်း မြေအောက်ရေ၊ စိမ့်ရေရရှိနိုင်မှာဖြစ်တဲ့အတွက် အသုံးဝင်မှာဖြစ်ပါတယ်ခင်ဗျား။ အဲဒီအတွက် မြန်မာနိုင်ငံအလယ်ပိုင်း မိုးရေချိန် လက်မ ၃၀ ခန့်သာရှိတဲ့ မိုးနည်းရပ်ဝန်းဒေသမှာ မိုးနည်းပေမဲ့ ရေမရှားအောင်၊ ပူပြင်းပေမဲ့ မခြောက်သွေ့ရအောင် ကြီးအုပ်ချောင်းကိုပိတ်၍ ရေလှောင်တမံပြုလုပ်ပေးရန် လိုအပ်ပါတယ်။ အဲဒီအတွက် ရေလှောင်တမံပြုလုပ်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါသဖြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်အောင်ရဲ့ မုံရွာမြို့နယ်၊ ကြီးအုပ်ကျေးရွာအုပ်စု၊ ကြီးအုပ်ချောင်းအားပိတ်ပြီး ရေလှောင်တမံအကောင်အထည်ဖော်ဆောင်ရွက်ပေးရန်နှင့်စပ်လျဉ်းတဲ့မေးခွန်းအပေါ် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နှင့်အတူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ပေါင်းစပ်ဖြေကြားပါမယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီးအနေနဲ့ မုံရွာမြို့နယ်အတွင်းမှာရှိတဲ့ ကြီးအုပ်၊ မုံရွေး၊ ကြေးမုံကျေးရွာတွေအတွက် စိုက်ပျိုးရေ၊ သောက်သုံးရေရရှိနိုင်စေဖို့ မုံရွာမြို့နယ်၊ ကြီးအုပ်ကျေးရွာအနီးမှာ ကြီးအုပ်ချောင်းအပေါ် ရေလှောင်တမံတည်ဆောက်ပေးဖို့ အဆိုပြုမေးမြန်းထားတာ တွေ့ရှိရပါတယ်။ အဆိုပါဒေသဟာဆိုရင် မိုးနည်းရေရှားပြီး ပူပြင်းခြောက်သွေ့တဲ့အခြေအနေရှိတဲ့အတွက် စိုက်ပျိုးရေ၊ သောက်သုံးရေရှားပါးတဲ့ အခက်အခဲတွေရှိတဲ့ဒေသဖြစ်ပါတယ်။ ကြီးအုပ်ကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများအနေနဲ့ လက်ရှိမှာ ဗောဓိတစ်ထောင် ရေလှောင်တမံကနေပြီး သောက်သုံးရေကို ရယူသုံးစွဲလျက်ရှိကြောင်း သိရှိရပါတယ်။ ဗောဓိတစ်ထောင်ရေလှောင်တမံအနေနဲ့ ကလည်းပဲ နှစ်စဉ်ရေဝင်ရောက်မှုနည်းပါးတဲ့အတွက် သောက်သုံးရေလောက်ငှစွာ သုံးစွဲနိုင်ခြင်းမရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။ သို့ဖြစ်တဲ့အတွက် ကြီးအုပ်ချောင်းပေါ်မှာ ရေလှောင်တမံတစ်ခုတည်ဆောက်ဖို့အတွက် ဖြစ်မြောက်နိုင်စွမ်းရှိ/မရှိ ဇလဗေဒနှင့် ဘူမိဗေဒဆိုင်ရာ စူးစမ်းလေ့လာခြင်း၊ မြေပြင်အသေးစိတ်အခြေအနေတိုင်းတာခြင်း စတဲ့ စူးစမ်းလေ့လာခြင်းလုပ်ငန်းတွေကို စတင်ဆောင်ရွက်ဖို့ စီမံလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ စူးစမ်းလေ့လာမှုတွေအရ ရေလှောင်တမံတည်ဆောက်ဖို့ ဖြစ်မြောက်နိုင်စွမ်းရှိပြီး ကုန်ကျစရိတ်နှင့် အကျိုးအမြတ်တွက်ချေကိုက်မှုရှိမယ်ဆိုရင်

ခန့်မှန်းကုန်ကျငွေတွက်ချက်မှုအရ လိုအပ်ရန်ပုံငွေကို နီးစပ်ရာဘဏ္ဍာရေးနှစ်မှာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ တိုင်းဒေသကြီးအတွင်း ဦးစားပေးအစီအစဉ်အရ ထည့်သွင်းလျာထားတောင်းခံသွားမှာဖြစ်ပါတယ်။ တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီး ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ လုပ်ငန်းတွေကို အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နှင့်အတူ ပေါင်းစပ်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**လှိုင်ကော်မြို့နယ်တွင် တည်ရှိသော ဒေါပေါ်ကလဲရွာငယ်မှ ဘုရားနီရွာအထိ အလျား ၈၅၀၀ ပေ၊ အကျယ် ၁၂ ပေ၊ ထု ၁၂ လက်မရှိ လယ်ယာကုန်ထုတ်မြေသားလမ်းအား ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။လှိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စည်သူ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်ခင်စည်သူ(လှိုင်ကော်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အားလုံးကိုမင်္ဂလာပါလို့ နှုတ်ခွန်းဆက်ဂါရဝပြုပါတယ်ရှင့်။ ကျွန်မကတော့ လှိုင်ကော်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်စည်သူဖြစ်ပါတယ်။ ကျွန်မမေးမြန်းမယ့်မေးခွန်းကတော့ ကျွန်မတို့လှိုင်ကော်မြို့မှာရှိတဲ့ ဒေါပေါ်ကလဲကျေးရွာကနေ ဘုရားနီအထိ လယ်ယာကုန်ထုတ်လမ်း ပေပေါင်း ၈၅၀၀ မြေသားလမ်းကို ကျောက်ချောလမ်းအဖြစ် လုပ်ပေးနိုင်ဖို့၊ ဆောင်ရွက်နိုင်ဖို့အစီအစဉ်ရှိ/မရှိ၊ ရှိမယ်ဆိုလို့ရှိရင် ဘယ်တော့လဲ။ မရှိဘူးဆိုရင် ဘာအကြောင်းကြောင့်လဲဆိုတာကို မေးမြန်းမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ကျောင်းကျိုးဖော်ပြချက်ကို Power Point နဲ့ပြခွင့်ပြုပါရှင့်။ ဒါကတော့ မြေပုံထဲမှာပါတဲ့ဧရိယာလေးပါ။ လယ်ယာကုန်ထုတ်လမ်းကို ပန်းရောင်လေးနဲ့ပြထားတာဖြစ်ပါတယ်။ ဒါကတော့ တည်နေရာလည်းပါသလို ကျွန်မတို့မေးခွန်းမေးမြန်းရခြင်းအကြောင်းအရင်းကိုလည်း ဖော်ပြထားပါတယ်။ အဲဒါကတော့ ဒေါပေါ်ကလဲကျေးရွာအုပ်စုမှာ လူထုတွေ့ဆုံပွဲလုပ်တဲ့အခါမှာ ဒေသခံဘုရားနီကျေးရွာ၊ ဒေသခံတောင်သူတွေရဲ့တောင်းဆိုချက်အပေါ်မှာ ကျွန်မမေးမြန်းရခြင်းဖြစ်ပါတယ်။ အဲဒီတောင်းဆိုတဲ့အပေါ်မှာ၊ မေးမြန်းရတဲ့အပေါ်မှာ ရာသီမရွေးသွားလာနိုင်တဲ့ ကျောက်ချောလမ်းရမယ်ဆိုလို့ရှိရင် ဘီလူးချောင်းအနောက်ဘက်မှာရှိတဲ့ရွာပေါင်း ၁၂ ရွာ၊ ဘီလူးချောင်းရဲ့အရှေ့ဘက်မှာရှိတဲ့ ၁၀ ရွာတို့ရဲ့ ဒေသခံတောင်သူတွေရဲ့နွားများဟာ လမ်းပန်းဆက်သွယ်ကောင်းမွန်ပြီးတော့ မိုးပြဲလက်ဝဲမြောင်းမှတိုက်ရိုက် မိုင်တိုင် ၉၂၄ အထိ နောက်ပြီးတော့ မိုးပြဲလက်ဝဲမြောင်းလက်တံ(၂)၊ လက်တံ(၃)ရေသောက်စနစ်အတွင်းမှာရှိတဲ့ ကွင်းပေါင်း ၂၀ ရဲ့ ရေသောက်ဧကပေါင်း ၅၇၇၀ အတွင်းမှာ စပါးတွေစိုက်ပျိုးနေတဲ့တောင်သူလယ်သမားပေါင်းကလည်း ၁၂၆၅ ရှိတယ်။ သူတို့ကနေပြီးတော့ ထွက်လာမယ့်စပါးတင်းပေါင်းကလည်း ပျမ်းမျှအားဖြင့်တော့ ၄၆၀၀၀၀ လောက်ရှိပါတယ်။ ဒါကြောင့် အဲဒါအတွက် ချောမွတ်စေဖို့ ရာသီမရွေး လွယ်ကူစွာ၊ လျင်မြန်စွာ သယ်ယူပို့ဆောင်နိုင်တဲ့ အကျိုးကျေးဇူးရှိမှာဖြစ်ပါတယ်ရှင့်။ နောက်တစ်ခု ကျွန်မတို့ ဒီအစီအစဉ်ထဲမှာ၊ ဒီစီမံကိန်းထဲမှာ မူဝါဒအနေနဲ့လည်း ကိုက်ညီတာတွေ့ရပါတယ်။ ဥပမာ နိုင်ငံတော် ရဲ့မူဝါဒ(၁၂)ချက် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်ဖြစ်တဲ့ SDG မှာလည်းပါသလို MSDB စီမံကိန်းမှာလည်း

ပါပါတယ်။ ပြည်နယ်ရဲ့လုပ်ငန်းစဉ်မူဝါဒ(၇)ချက်ထဲမှာလည်းပါသလို နိုင်ငံတော် သမ္မတရဲ့မိန့်ခွန်းမှာ ဦးစားပေးဆောင်ရွက်ရမယ့်လုပ်ငန်းစဉ်ထဲမှာလည်း စိုက်ပျိုးရေးကဏ္ဍအနေနဲ့ ပါဝင်တာတွေ့ရပါတယ်ရှင့်။ ဒါကတော့ ကျွန်မတို့လွိုင်ကော်မြို့နယ်ရဲ့ စီးပွားရေးညွှန်းကိန်းဖြစ်ပါတယ်။ ကျွန်မတို့ကွင်းဆင်းကြည့်တဲ့အခါမှာ ဒီဒေါပေါ်ကလဲရွာ ဘုရားနီအထိက လယ်ယာကုန်ထုတ်လမ်းရဲ့အခြေအနေဖြစ်ပါတယ်ရှင့်။ ဒါကတော့ အဲဒီကုန်ထုတ်လမ်းတစ်စိတ်တစ်ဒေသမှာ လယ်ယာကုန်ထုတ်လမ်းလို့မည်ကာမတ်တတ်ပဲဖြစ်နေပါတယ်။ ဒီဟာကတော့ သွားလာရအလွန်ခက်ခဲတဲ့ ကုန်ထုတ်လမ်းဖြစ်နေပါတယ်။ ဒါကတော့ ကျွန်မတို့ စပါးအိတ်တွေသယ်ရာမှာတော်တော်လေးအဆင်မပြေလို့ လမ်းဘေးမှာချထားရတဲ့ပုံဖြစ်ပါတယ်ရှင့်။ ဒါကြောင့်မို့လို့ ကျွန်မတို့ ဒီလယ်ယာကုန်ထုတ်လမ်းကို ရနိုင်/မရနိုင်ဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိမေးပါတယ်။ ဌာနဆိုင်ရာ ဆည်မြောင်းဦးစီးဌာနကိုလည်း ၂၀၁၃၊ ၂၀၁၄၊ ၂၀၁၅၊ ၂၀၁၆၊ ၂၀၁၇ အထိ ဌာနဆိုင်ရာအသီးသီးက ဘဏ္ဍာရေးနှစ်တွေမှာ တင်ပြပေမဲ့လုံးဝရတာမရှိပါဘူး။ ရတဲ့နှစ်တွေကလည်း ဆင်ပါးစပ်နှမ်းပတ်သလို အနည်းငယ်ပဲရရှိတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ နိဂုံးချုပ်ပြောရမယ်ဆိုလို့ရှိရင် အခုမေးမြန်းတောင်းဆိုတဲ့လုပ်ငန်းဟာ မဲဆန္ဒရှင်တောင်သူများရဲ့ဆန္ဒဖြစ်သလို မြေပြင်အနေအထားမှာလည်း မရှိမဖြစ်လိုအပ်တဲ့ဟာ တွေ့ရပါတယ်။ စီမံကိန်းညွှန်းကိန်းရော၊ ကယားပြည်နယ်ရဲ့မူဝါဒ၊ နိုင်ငံတော်ရဲ့မိန့်ခွန်း၊ ထပ်မံဦးစားပေးလုပ်ငန်း (SDG နဲ့ MSDB)မှာပါဝင်နေတဲ့အတွက် ဆောင်ရွက်ပေးမယ့်အစီအစဉ်ရှိမယ်လို့ မျှော်လင့်ရင်းနဲ့ မဲဆန္ဒရှင်များရဲ့ကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကနေတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ အစီအစဉ်ရှိပါက ဘယ်အချိန်ပါလဲ။ အစီအစဉ်မရှိဘူးဆိုရင် အဘယ်ကြောင့်ပါလဲဟုမေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင့်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကယားပြည်နယ်၊ လွိုင်ကော်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်စည်သူရဲ့ လွိုင်ကော်မြို့နယ်မှာ တည်ရှိတဲ့ ဒေါပေါ်ကလဲရွာငယ်ကနေ ဘုရားနီရွာအထိ အလျားပေ ၈၅၀၀ x အကျယ် ၁၂ ပေx ထု ၁၂ လက်မရှိတဲ့ လယ်ယာကုန်ထုတ်မြေသားလမ်းကို ကျောက်ချောလမ်းအဖြစ် ခင်းပေးရန် မေးမြန်းထားတဲ့မေးခွန်းအပေါ် ပြည်နယ်အစိုးရအဖွဲ့ရဲ့ဖြေကြားချက်နှင့်အတူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ပေါင်းစပ်ဖြေကြားပေးသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်၊ မိုးဗြဲဆည်ရေသောက်စနစ်အတွင်းမှာ တည်ရှိတဲ့ ဒေါပေါ်ကလဲရွာငယ်ကနေ ဘုရားနီရွာအထိ ဆက်သွယ်ဖောက်လုပ်ထားတဲ့ လယ်ယာကုန်ထုတ်လုပ်ငန်းဟာ ဘီလူးချောင်းအရှေ့ဘက်မှာရှိပြီးတော့ ကျေးရွာ ၁၀ ရွာနဲ့ အနောက်ဘက်ကမ်းမှာရှိတဲ့ကျေးရွာ ၁၂ ရွာတို့အပြင် လွိုင်ကော်မြို့နှင့်ပါ ဆက်သွယ်သွားလာနိုင်တဲ့လမ်းဖြစ်ပါတယ်။ ဒေသတွင်းလူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအကျိုးပြုလျက်ရှိတဲ့အခြေအနေ ဖြစ်ပါတယ်။ အဆိုပါလယ်ယာကုန်ထုတ်လမ်းဟာ မြေသားလမ်းဖြစ်ပြီး အလျားပေ ၈၅၀၀x အကျယ် ၁၂ ပေခန့်ရှိပါ

တယ်။ မိုးရာသီအတွင်းမှာ ဆက်သွယ်သွားလာဖို့အခက်အခဲရှိတဲ့အတွက် ရာသီမရွေးသွားလာနိုင်ဖို့ အတွက် ကျောက်ချောလမ်းခင်းပေးရန် လိုအပ်လျက်ရှိကြောင်း စိစစ်သိရှိရပါတယ်။

သို့ဖြစ်တဲ့အတွက် ဒေါပေါ်ကလဲ-ဘုရားနီ လယ်ယာကုန်ထုတ်လမ်းကို ကျောက်ချောလမ်းခင်း ပေးနိုင်ဖို့ လိုအပ်တဲ့မြေပြင်တိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းနဲ့ ခန့်မှန်းကုန်ကျငွေတွက်ချက် ခြင်းတို့ကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ လိုအပ်ရန်ပုံငွေကို ကယားပြည်နယ်အစိုးရအဖွဲ့အနေနဲ့ လာမယ့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေမှာ ထည့်သွင်းလျာထား ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ရန်ပုံငွေခွဲဝေရရှိမှုပေါ်မူတည်ပြီး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံ ခန့်ခွဲရေးဦးစီးဌာနမှ လုပ်ငန်းတွေကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ကယားပြည်နယ်အစိုးရအဖွဲ့ရဲ့ဖြေကြားချက်နှင့်အတူ ပေါင်းစပ်ရှင်းလင်း ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ကောလင်းမြို့နယ်အတွင်း ဖြစ်ပွားခဲ့သော ဝက်နားရွက်ပြာနှင့် အခြားပူးတွဲရောဂါများကြောင့် ဝက်များထောင်ချီသေဆုံးကာ စီးပွားရေးပျက်စီးသွားသော မွေးမြူရေးသမားများအတွက် နိုင်ငံတော်မှ ထောက်ပံ့ကူညီပေးနိုင်ခြင်းရှိ/မရှိ၊ မွေးမြူရေးပြန်လည်ထူထောင်ရန် ငွေကြေးနှင့်နည်းပညာပံ့ပိုး နိုင်ခြင်းရှိ/မရှိ၊ ကူးစက်ရောဂါဖြစ်ပွားလာပါက ထိန်းချုပ်ရေးအစီအစဉ်များ မည်သို့ဆောင်ရွက်ပေးမည် ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကောလင်းမဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမျိုးဇော်အောင်(ကောလင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ကောလင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမျိုးဇော်အောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကောလင်းမြို့နယ်အတွင်းဖြစ်ပွားခဲ့ သော ဝက်နားရွက်ပြာနှင့် အခြားပူးတွဲရောဂါများကြောင့် ဝက်များထောင်ချီသေဆုံးကာ အကောင်ရေ သောင်းချီလျှော့စျေးဖြင့် ရောင်းခဲ့ရသဖြင့် စီးပွားရေးပျက်စီးသွားသော မွေးမြူရေးသမားများအတွက် နိုင်ငံတော်မှ ထောက်ပံ့ကူညီပေးနိုင်ခြင်းရှိ/မရှိနှင့် မွေးမြူရေးပြန်လည်ထူထောင်ဖို့ ငွေကြေးနှင့် နည်းပညာပံ့ပိုးပေးနိုင်ခြင်းရှိ/မရှိ၊ ကူးစက်ရောဂါများ ထပ်မံဖြစ်ပွားလာပါက ထိန်းချုပ်ရေးအစီအစဉ် များ မည်သို့ဆောင်ရွက်ပေးမည်တို့ကို သိလိုပါသဖြင့် မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ကောလင်းမြို့နယ်ရဲ့ဝက်မွေးမြူ ရေးအခြေအနေ၊ ရောဂါဖြစ်ပွားမှုနှင့် ကာကွယ်စောင့်ရှောက်မှုအခြေအနေနဲ့ သုံးသပ်ချက်တို့ကို အပိုင်းသုံးပိုင်းခွဲပြီးတော့မှ တင်ပြသွားမှာဖြစ်ပါတယ်။ ပထမဦးဆုံးအနေနဲ့ ကောလင်းမြို့နယ်ရဲ့ဝက် မွေးမြူရေးအခြေအနေအကြောင်းကို တင်ပြလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ကောလင်း မြို့နယ်ဟာ ဝက်တွေကို ရည်ရွယ်ချက်သုံးမျိုးနဲ့ မွေးကြပါတယ်။ ပထမဆုံးကတော့ လူမှုရေးအနေနဲ့ မွေးကြတာပါ။ လူမှုရေးရည်ရွယ်ချက်တွေ အောင်မြင်ဖို့မွေးကြတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ကောလင်းမြို့မှာဆိုလို့ရှိရင် မင်္ဂလာဆောင်မယ်ဆိုလို့ရှိရင် သတို့သမီးကိုတင်တောင်းဖို့ရာအတွက် မိရာဖရာတင်ကြရတဲ့ဓလေ့ထုံးစံယဉ်ကျေးမှုလေးတွေ ရှိပါတယ်။ အဲဒီလိုရှိတဲ့အခါမှာ မတတ်နိုင်တဲ့

သူတွေက ဝက်ကလေးတွေမွေးပြီးတော့မှ ငွေကြေးစုဆောင်းကြပါတယ်။ စုဆောင်းကြတဲ့အခါကျတော့ တကယ်လို့များသာ သူတို့မွေးထားတဲ့ဝက်ကလေးတွေ သေသွားမယ်ဆိုလို့ရှိရင် သတို့သမီးကို တင်တောင်းဖို့တောင်မှ အခက်အခဲရှိတဲ့အခြေအနေအထိတောင် ဖြစ်ကြပါတယ်။ ဒါကတော့ လူမှုရေး ရည်ရွယ်ချက်ဖြစ်ပါတယ်။ ဒါအမှန်တကယ်ဖြစ်ခဲ့တဲ့အခြေအနေပါ။ နောက်တစ်ခုကတော့ စားဝတ် နေရေးအခြေအနေဖြစ်ပါတယ်။ စားဝတ်နေရေးကတော့ အားလုံးအများသိကြတဲ့အတိုင်းပဲ။ တစ်ဘက် တစ်လမ်းက ဝင်ငွေရအောင်ဆိုပြီးတော့မှ ဝက်ကလေးနှစ်ကောင်၊ သုံးကောင် မွေးကြတဲ့သူတွေလည်း ရှိပါတယ်။ နောက်ဆုံးရည်ရွယ်ချက်ကတော့ စီးပွားဖြစ်မွေးကြတာပါ။ စီးပွားဖြစ်ကို အကောင်ရေ ၁၀ ချီပြီးမွေးတဲ့သူတွေရှိသလို၊ အကောင်ရေ ၂၀၀ ကျော်အထိအောင် မွေးတဲ့သူတွေ ကျွန်တော်တို့ ကောလင်းမြို့နယ်မှာ ရှိပါတယ်။ ကျွန်တော်တို့ကောလင်းမြို့နယ်အနေနဲ့က ဆည်ရေသောက် စိုက်ပျိုး ရေးစနစ်မရှိတဲ့အခါကျတော့ လယ်တစ်ဧကကို နှစ်ဧကဖြစ်ဖို့ လုပ်ဖို့အရမ်းခဲယဉ်းပါတယ်။ ပြည်သူ လူထုရဲ့ဝင်ငွေနှစ်ဆတိုးဖို့ဆိုလို့ရှိရင် မွေးမြူရေးကဏ္ဍကို ကျွန်တော်တို့က အဓိကအားထားရတာပါ။ အဲဒီတော့ ကျွန်တော့်အနေနဲ့လည်းပဲ မွေးမြူရေးသမားတွေနဲ့ ပူးပေါင်းပြီးတော့မှ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးဖို့ ကျွန်တော်တို့ကြိုးစားကြတဲ့အခါမှာ အရင်တုန်းက အကောင်ရေ ၁၀၀၀၀ ပတ်ဝန်းကျင် လောက်ပဲ မွေးရာကနေမှ သန်းခေါင်စာရင်းကောက်လိုက်တဲ့အချိန်မှာ အကောင်ရေ ၄၀၀၀၀ ကျော် အထိအောင် ကျွန်တော်တို့ကောလင်းက မွေးလာကြပါတယ်။ အဲဒီလိုပဲ ကန့်ဘလူတို့၊ ရွှေဘိုတို့၊ မန္တလေးတို့အထိအောင် ကောလင်းကနေမှ ဝက်တွေကို တင်ပို့နိုင်ခဲ့ပါတယ်။ စီးပွားရေးအထိုက် အလျောက်ဖြစ်ကြပါတယ်။ ဒါပေမဲ့လည်းပဲ ရောဂါဖြစ်ပွားတဲ့အချိန်မှာ ဆုံးရှုံးနစ်နာမှုကလည်း အများကြီးကြီးသွားပါတယ်။

အထူးသဖြင့်တော့ ရောဂါဖြစ်ပွားတဲ့အပိုင်း ဒုတိယအပိုင်းကို ကျွန်တော်တင်ပြချင်တာ ဖြစ်ပါ တယ်။ ဒီရောဂါဟာ ဝန်းသို၊ အင်းတော်ဘက်ကနေစပြီးဖြစ်လိုက်ပါတယ်။ ပြီးတဲ့အခါကျတော့ တောစျေးသည်ကနေမှတစ်ဆင့် ကောလင်းမြို့က ရွာတစ်ရွာကို ရောက်လာပါတယ်။ အဲဒီရွာတွေမှာ တစ်ရွာလုံးနီးပါး ဝက်တွေသေကုန်ပါတယ်။ သေသွားပေမဲ့လည်းပဲ ဒီဟာကို ရပ်တန့်အောင် ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါဘူး။ မရှိတဲ့အခါမှာ ဆက်ပြီးတော့မှ တစ်မြို့လုံးကို ပျံ့ပါတယ်။ ကျွန်တော်သိလိုက်တဲ့အချိန်မှာပဲ ဌာနမှာ အကောင် ၁၆၈ ကောင် သေပြီဆိုတဲ့အချိန်ကြမှ ကျွန်တော်က လွှတ်တော်တက်နေတော့ နောက်ကျမှ သိရပါတယ်။ သိသိချင်းပဲ ကျွန်တော် ဒါကိုထိန်းချုပ်နိုင်ဖို့ လှမ်းပြီးတော့မှ ဌာနကိုဆက်သွယ်ပြီးတော့မှ ပူးပေါင်းဆောင်ရွက်မှုတွေကို လုပ်ပါတယ်။ ကျွန်တော် လွှတ်တော်နားလို့ ပြန်သွားတဲ့အချိန်မှာလည်းပဲ ဝက်မွေးမြူရေးသမားတွေနဲ့ တွေ့ပြီးတော့မှ ဟောပြောပွဲ တွေလည်းလုပ်တယ်။ မေးမြန်းမှုတွေ ကျွန်တော်လုပ်ပါတယ်။ ဌာနနဲ့အတူ ပူးပေါင်းဆောင်ရွက်ပါ တယ်။ ဆောင်ရွက်ပေမဲ့လည်းပဲ ဘာဖြစ်လဲဆိုတော့ အကောင်ရေက အများကြီးပဲ သေသွားပါတယ်။ လမ်းဘေးတွေမှာဆိုလို့ရှိရင် ကောလင်းမြို့က ဘယ်လိုပြောမလဲ။ မြို့နယ်အနှံ့ ဝက်ပုပ်နံ့နဲ့ ဖြစ်သွားပါတယ်။ အဲဒီလိုဖြစ်သွားတဲ့အခါကျတော့ တချို့ဆိုလို့ရှိရင်လည်းပဲ ဝက်က မသေသေးပေမဲ့ ရောင်းကြပါတယ်။ အဲဒီတော့ ရောင်းတဲ့ဟာတွေကို မန္တလေးတို့၊ တခြားမြို့တွေကို ပို့တော့ တခြားမြို့ တွေမှာလည်းပဲ ကူးစက်နှုန်းတွေ ဆက်ပြီးတော့ ဖြစ်ပါတယ်။ ကူးစက်ရတဲ့အကြောင်းရင်းက နှစ်ချက်

ရှိပါတယ်။ (၁)အချက်ကတော့ စားသုံးတဲ့စားသုံးကုန်တွေကတစ်ဆင့်၊ ဝက်သားဘာညာတွေမှတစ်ဆင့် ကူးတာဖြစ်ပါတယ်။ ဒုတိယအဆင့်ကတော့ ဘာလဲဆိုတော့ ဝက်ကုန်သည်တွေရဲ့ဝက်ကားတွေက၊ ဝက်နာတင်ဖူးတဲ့ကားတွေက ရွာတွေထဲကို အနှံ့လှည့်တဲ့အခါမှာ အဲဒီရွာတွေမှာအကုန်လုံး ကူးစက်တာ ဖြစ်ပါတယ်။ ဆိုတဲ့အခါကျတော့ ခြုံကြည့်လိုက်မယ်ဆိုလို့ရှိရင် တချို့ကြီးကြီးမားမားဆုံးရှုံးသွားတဲ့လူ တွေအတွက်က ငိုရခက်၊ ရီရခက် ဖြစ်ရတဲ့အဆင့်အထိအောင်ဖြစ်ပါတယ်။ အဲဒီတော့ သုံးသပ်ကြည့် ရမယ်ဆိုလို့ရှိရင် သုံးသပ်ချက်သုံးခု ကျွန်တော်တွေ့ရပါတယ်။ (၁)ကတော့ မွေးမြူရေးသမားတွေ အနေနဲ့ကလည်းပဲ Bio Security လို့ခေါ်တဲ့ လုံခြုံရေးကို ကျန်းမာရေးအသိပညာအားနည်းတဲ့ အပိုင်းကို ကျွန်တော်တို့တွေ့ရပါတယ်။ ဒုတိယတစ်ဆင့်ကတော့ မွေးမြူရေးသမားတွေက အကူအညီမဲ့ နေတယ်ဆိုတာကို တွေ့ရပါတယ်။ ငွေရေးကြေးရေးအရရော၊ နည်းပညာအရရော အကူအညီမဲ့နေတာ ကိုတွေ့ရပါတယ်။ တတိယအချက်တော့ ရောဂါဖြစ်ပွားတဲ့အချိန်မှာ သက်ဆိုင်ရာဌာနကနေမှ လုံလောက်တဲ့ကာကွယ်စောင့်ရှောက်မှုမလုပ်နိုင်ခဲ့ဘူးဆိုတာကို ကျွန်တော်သုံးသပ်ရပါတယ်။ ဘာဖြစ် လို့လဲဆိုတော့ ရောဂါပြန့်ပွားမှုကို မထိန်းချုပ်နိုင်ခဲ့ဘူး။ သုံးလလောက်၊ လေးလလောက်ကြာတဲ့အချိန် အထိအောင်၊ ဝက်တွေအများကြီးသေတဲ့အထိအောင် ဘာရောဂါလဲဆိုတာ Diagnose မလုပ်နိုင် ခဲ့ပါဘူး။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီးကနေတစ်ဆင့် ဒီမေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စစ်ကိုင်း တိုင်းဒေသကြီး၊ ကောလင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဇော်အောင်ရဲ့ မေးခွန်း နှင့်စပ်လျဉ်းပြီး ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ရဲ့ ဖြေကြားချက်နှင့်အတူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ပေါင်းစပ်ဖြေကြား ပေးပါမယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။ ဝက်နားရွက် ပြာရောဂါဟာ ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်တဲ့ ရောဂါဖြစ်ပါတယ်။ ဝက်များမှာသာ ဖြစ်ပွားတဲ့ရောဂါဖြစ်ပြီး အသက်အရွယ်မရွေးဖြစ်ပွားနိုင်တဲ့အခြေအနေ ဖြစ်ပါတယ်။ ရာသီဥတုအကူးအပြောင်းကာလတွေမှာ ဖြစ်ပွားလေ့ရှိကြောင်း သိရပါတယ်။ မြန်မာနိုင်ငံမှာ ၂၀၁၁ ခုနှစ်က မန္တလေးတိုင်းဒေသကြီးမှာ စတင်ဖြစ်ပွားခဲ့ပါတယ်။ ဝက်နားရွက်ပြာရောဂါဟာ မြန်မာနိုင်ငံမှာ နှစ်စဉ်ဖြစ်ပွားမှုရှိပြီး ၂၀၁၈ ခုနှစ် မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်း၊ ဝန်းသို၊ အင်းတော်မြို့နယ်တို့မှာ ရောဂါကျရောက် ဖြစ်ပွား ခဲ့တာသိရပါတယ်။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေနဲ့ တိရစ္ဆာန်မှတစ်ဆင့် ကူးစက် တတ်တဲ့ရောဂါကြောင့် ဖြစ်ပေါ်လာတဲ့ကျန်းမာရေးပြဿနာတွေကို စောင့်ကြပ်ကြည့်ရှုခြင်း၊ စောစီးစွာတုံ့ပြန်ဆောင်ရွက်ခြင်း၊ ကြိုတင်ကာကွယ်ခြင်းနှင့် ရောဂါနှိမ်နင်းခြင်းလုပ်ငန်းတွေကို

ဆောင်ရွက်လျက်ရှိပါတယ်။ ဝက်နားရွက်ပြာရောဂါဟာ ဝက်က လူကို ကူးစက်လေ့မရှိနိုင်ကြောင်းနှင့် ဝက်နှင့်ထိတွေ့သူများဟာ ဝက်နှင့်တိုက်ရိုက်ထိတွေ့မှုမရှိအောင် နှာခေါင်းစည်း၊ လက်အိတ်စတဲ့ ရောဂါကာကွယ်ရေးပစ္စည်းများ အသုံးပြုဖို့၊ သံသယဖြစ်ဖွယ် ဝက်နားရွက်ပြာရောဂါနဲ့ သေဆုံးဝက်တွေကို ချက်ပြုတ်စားသောက်ခြင်းမပြုဖို့၊ ဝက်နှင့်ထိတွေ့သူများ ဖျားနာပါက နီးစပ်ရာကျန်းမာရေးဌာနကို သွားရောက်ပြသဖို့လိုအပ်ကြောင်း တင်ပြအပ်ပါတယ်။ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်းပြီး တိရစ္ဆာန်မှတစ်ဆင့် ကူးစက်တတ်တဲ့ရောဂါတွေ ကာကွယ်နှိမ်နင်းရေးအတွက် တစ်ခုတည်းသော ကျန်းမာရေး(One Health Approach)ကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဖြေကြားထားပါတယ်။စိုက်ပျိုးရေး၊ မွေးမြူးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနအနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမြို့နယ်အတွင်း ဝက်နားရွက်ပြာရောဂါကြောင့် ဝက်များသေဆုံးခြင်းနှင့်စပ်လျဉ်းပြီး တင်ပြရမယ်ဆိုရင် ဝက်နားရွက်ပြာရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရန်အချက်များကို အသိပေးထုတ်ပြန်ထားပြီး ဖြစ်ပါတယ်။ ဒါ့အပြင် ကာကွယ်ဆေးအသုံးပြုဖို့အတွက်ကိုလည်းပဲ ခွင့်ပြုပေးထားပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဝက်နားရွက်ပြာရောဂါဟာ လူကိုကူးစက်မှုမရှိတဲ့ ရောဂါဖြစ်ပါတယ်။ လူကိုကူးစက်နိုင်တဲ့ ကြက်ငှက်တုပ်ကွေးရောဂါကဲ့သို့ သုတ်သင်ရှင်းလင်းတဲ့မူဝါဒ ထည့်သွင်းချမှတ်ထားမှု မရှိပါကြောင်း တင်ပြအပ်ပါတယ်။ သို့ဖြစ်တဲ့အတွက် ဝက်နားရွက်ပြာရောဂါဖြစ်ပွားမှုနှင့်ဆက်စပ်ပြီး မွေးမြူထားတဲ့ဝက်တွေ သေဆုံးမှု၊ ဈေးလျှော့ရောင်းချမှုကြောင့်ဖြစ်ပေါ်လာခဲ့တဲ့ဆုံးရှုံးမှုတွေအပေါ် အထောက်အပံ့ပြုနိုင်ဖို့အတွက် အစီအစဉ်မရှိဘဲ နည်းပညာပိုင်းကိုသာ ကူညီပေးသွားနိုင်မှာ ဖြစ်ပါတယ်။ နည်းပညာနှင့်ပတ်သက်ပြီး ဝက်နားရွက်ပြာရောဂါကာကွယ်တားဆီးရေးဆိုင်ရာ ပညာပေးဟောပြောပွဲများ၊ ဇီဝလုံခြုံမှုဆိုင်ရာ ပညာပေးဟောပြောပွဲများ၊ တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲများ၊ ဝက်မွေးမြူထုတ်လုပ်ရေးဆိုင်ရာသင်တန်း၊ တိရစ္ဆာန်ကူးစက်ရောဂါဆိုင်ရာပညာပေးသင်တန်းနှင့် ကောင်းမွန်တဲ့မွေးမြူရေးကျင့်စဉ်(GAHP)သင်တန်းတွေဖွင့်လှစ်ပြီး ပံ့ပိုးကူညီပေးနိုင်သလို စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရောဂါထိန်းချုပ်ရေးအစီအစဉ်များဖြစ်တဲ့ အထူးအဖွဲ့များကို ဖွဲ့စည်းစေလွှတ်ခြင်း၊ ကုသခြင်းနှင့် ကာကွယ်ခြင်းတို့ကို ကွင်းဆင်းဆောင်ရွက်ပေးခြင်း၊ ဒေသအာဏာပိုင်များ၊ တိရစ္ဆာန်ကျန်းမာရေးလုပ်သားများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ရောဂါစူးစမ်းထောက်လှမ်းခြင်း၊ ရောဂါနမူနာပစ္စည်းများ ရယူခြင်း၊ ဝက်နှင့်ဝက်ထွက်ပစ္စည်းရွှေ့ပြောင်းသယ်ဆောင်မှု ထိန်းချုပ်ကန့်သတ်ခြင်း၊ ခြံများမှာ ပိုးသတ်ဆေးများဖြန်းစေခြင်းနှင့် သေဆုံးဝက်တွေကို စနစ်တကျမြှုပ်နှံစေခြင်းနှင့် ဝက်ရောဂါအကြောင်း အသိပညာပေးဟောပြောပွဲများ ပြုလုပ်ခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကိုလည်းပဲ ဆောင်ရွက်ပြီး ဖြစ်ပါတယ်။ သို့ဖြစ်တဲ့အတွက် စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမြို့နယ်မှာ ဝက်နားရွက်ပြာရောဂါဖြစ်ပွားမှုနှင့်ဆက်စပ်ပြီး ပညာပေးလုပ်ငန်းတွေ၊ ထိန်းချုပ်မှုဆိုင်ရာလုပ်ငန်းတွေကို စီမံဆောင်ရွက်ပြီးဖြစ်တဲ့အလျှောက် မွေးမြူထားတဲ့ဝက်တွေ သေဆုံးမှု၊ ဈေးလျှော့ရောင်းချမှုတို့ကြောင့် ဖြစ်ပေါ်လာခဲ့တဲ့ ဆုံးရှုံးမှုများအပေါ်မှာတော့ ထောက်ပံ့ပေးရန် အစီအစဉ်မရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးမျိုးဇော်အောင်(ကောလင်းမဲဆန္ဒနယ်)**။ ။ တစ်ဆက်တစ်စပ်တည်း မေးခွန်းမေးမြန်းခွင့်ပြုပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဝန်ကြီးဌာနအနေနဲ့ ထောက်ပံ့ပေးဖို့အစီအစဉ်မရှိဘူးဆိုတာရယ်၊ နည်းပညာအကူအညီတော့ပေးသွားမယ်ဆိုတာရယ် ရှင်းရှင်းလင်းလင်းဖြေကြားပေးတဲ့အတွက်ကြောင့်မို့လို့ အရမ်းကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ ကျွန်တော့်အနေနဲ့ ဒီနေရာမှာ တင်ပြလိုတာကတော့ အခုနတုန်းက ပြောသလို ဒီရောဂါဟာ တိရစ္ဆာန်ကနေမှ လူကို ကူးစက်တတ်တဲ့ရောဂါမဟုတ်တဲ့အတွက် ထိန်းချုပ်တဲ့နေရာမှာ သုတ်သင်ရှင်းလင်းတဲ့အစီအစဉ်မရှိဘူးဆိုတာလည်း ကျွန်တော်သိရှိပြီးဖြစ်ပါတယ်။ ဒါကိုလည်း လက်ခံပါတယ်။ ဒါပေမဲ့ ဝက်တွေမှာ ဝက်ကနေ ဝက်ကို ကူးတဲ့ရောဂါဖြစ်တဲ့အခါကျတော့ စီးပွားရေးရှုထောင့်ကကြည့်မယ်ဆိုလို့ရှိရင် အင်မတန်ဆုံးရှုံးနစ်နာမှုများတဲ့ ဖြစ်ရပ်တစ်ခုဖြစ်ပါတယ်။ ရွာတစ်ရွာကနေဖြစ်လိုက်တာဟာ တစ်မြို့လုံးကို ဖြစ်တယ်။ တစ်မြို့လုံးက ဖြစ်တာဟာ အခြားမြို့တွေအထိအောင် ကူးစက်ပြီးတော့မှ တကယ်ကိုလျင်မြန်စွာ သေဆုံးပြီးတော့မှ လျင်မြန်စွာ ဆုံးရှုံးနစ်နာမှုများတဲ့ဟာ ဖြစ်ပါတယ်။ ဒါဆိုလို့ရှိရင် ကျွန်တော်တို့စဉ်းစားရမှာက ဒီမွေးမြူရေးသမားတွေကို ဒီစာရွက်လေးတွေ ဝေထားတယ်ဆိုတဲ့အကြောင်းပြချက်နဲ့တင် ကျွန်တော်တို့က ဒီထက်ကိုပိုပြီးတော့မှ စောင့်ရှောက်မှု မပေးနိုင်တော့ဘူးလားဆိုတာ ကျွန်တော်တို့စဉ်းစားရမှာ ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ မွေးတော့မွေးမယ်။ ဖြစ်လာလို့ရှိရင်လည်း ကိုယ့်တာဝန်ပဲ။ မဖြစ်လာလို့ရှိရင်လည်းကိုယ့်တာဝန်ပဲ။ စာရွက်လေးတွေ ဝေထားတယ်ဆိုရုံနဲ့တော့ မလုံလောက်ဘူးထင်တယ်။ ဘာဖြစ်လို့လဲဆိုတဲ့အခါကျတော့ သူတို့ရောဂါဟာ ဒီအတိုင်းပဲ ထဖြစ်တဲ့ရောဂါဆိုရင် ပြဿနာမရှိပါဘူး။ ကျွန်တော့်အိမ်မှာဖြစ်တဲ့ရောဂါဟာ သူများအိမ်ကို ကူးသွားနိုင်တယ်။ ကျွန်တော့်ကြောင့် သူများကူးသွားနိုင်ပါတယ်။ ဆိုတဲ့အခါကျတော့ သူများရဲ့စီးပွားရေးထိခိုက်သွားနိုင်တယ်။ အခြားမြို့တွေရဲ့စီးပွားရေးထိခိုက်သွားနိုင်တယ်။ တကယ့်ဖြစ်သွားတဲ့ဆုံးရှုံးနစ်နာမှုဆိုရင် မနည်းပါဘူး။ ဒါဆိုလို့ရှိရင် ဒါတွေကို မထိန်းချုပ်ခဲ့ဘူးဆိုရင် ဘယ်သူတာဝန်ယူမလဲ။ ကျွန်တော်တို့ဆုံးရှုံးနစ်နာမှုအတွက်ကို ဘယ်သူတာဝန်ယူမလဲ။ ကျွန်တော်တို့က ဝက်နာတွေရှိတဲ့ကားတွေကို ကျွန်တော်ကိုယ်တိုင်စစ်ခိုင်းခဲ့တယ်။ ဒါပေမဲ့လည်းပဲ ဘယ်လိုအရေးယူဆောင်ရွက်မှုတွေလုပ်ခဲ့လဲ။ သွားလို့မရဘူးဆိုတဲ့စကားတစ်ခွန်းနဲ့ သူဟာနဲ့သူ ပြီးလို့ရှိရင် မောင်းထွက်သွားနိုင်တယ်။ ပြီးလို့ရှိရင် ဒီရောဂါထိန်းချုပ်မှုက ဘာမှမရှိတော့ဘူး။ ဒါဆိုရင် ကျွန်တော်တို့က ဒီအတိုင်းပဲ ထားမှာလားဆိုတာ တစ်ချက်စဉ်းစားဖို့လိုပါတယ်။ အဲဒီတော့ လူပေါင်းများစွာ၊ ငွေကြေးပေါင်းများစွာ ဆုံးရှုံးနစ်နာသွားတာဖြစ်ပါတယ်။ အခုနကတုန်းကပြောတဲ့ နည်းပညာဆိုတဲ့နေရာမှာလည်း တိကျတဲ့ ပံ့ပိုးမှုတွေ လုပ်ပေးဖို့လိုမယ်လို့ ကျွန်တော်က ယူဆပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အခုနတုန်းက ကျွန်တော်ပြောသလို ကျွန်တော်မေးကြည့်ပါတယ်။ ဓာတ်ခွဲခန်းအဖြေမရသေးတော့ ဘာရောဂါလဲဆိုတာ မသိရတဲ့အတွက်ကြောင့်မို့လို့ ဒါကိုကျွန်တော်တို့က ဆောင်ရွက်မှုမလုပ်ရသေးတာလို့ ပြောပါတယ်။ ဒါဆိုရင် ဓာတ်ခွဲခန်းအဖြေရဖို့ ဘယ်နှစ်ရက်လောက်အချိန်ရမလဲဆိုတော့ နှစ်ရက်၊ သုံးရက်ဆိုရင် လောက်ပါတယ်လို့ ပြောတယ်။ ဒါပေမဲ့ သုံးလ၊ လေးလရှိတဲ့အချိန်ထိအောင် ဝက်တွေအကုန်လုံးသေသွားတဲ့အချိန်အထိအောင် ကျွန်တော်တို့ကာကွယ်

စောင့်ရှောက်မှုမရဘူး။ ဒီလိုပြဿနာတွေအတွက်ကို ကျွန်တော်တို့ပြည်သူလူထုအတွက်က ဘယ်သူ့ကို ကျွန်တော်တို့က အကူအညီတောင်းရမလဲ။ ဒါဆိုလို့ရှိရင်။ ဆိုတဲ့အခါကျတော့ ဒါကို တိကျတဲ့မူဝါဒပိုင်းဆိုင်ရာ၊ Policy ပိုင်းဆိုင်ရာကို ဌာနအနေနဲ့ ပြန်ပြီးတော့ စဉ်းစားပေးဖို့အတွက်လည်း တင်ပြရင်းနဲ့ ဒီဆက်စပ်မေးခွန်းကို ကျွန်တော်မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ ဆက်စပ်မေးခွန်းနှင့်စပ်လျဉ်းပြီး ပြန်လည်ဖြေကြားပါမယ်။ ဦးစွာ စစ်ကိုင်းတိုင်းဒေသကြီးဒေသကြီး အစိုးရအဖွဲ့ရဲ့ဖြေကြားမှုအရ ဝက်နားရွက်ပြာရောဂါဖြစ်ပွားနေစဉ် ကောလင်းမြို့နယ်အတွင်းမှာ တိရစ္ဆာန်ဝင်ထွက်သွားလာမှုတွေကို သက်ဆိုင်ရာဒေသအာဏာပိုင်တွေနဲ့ပူးပေါင်းပြီး ထိန်းချုပ်ထားခဲ့တဲ့အခြေအနေရှိကြောင်း၊ သို့သော် ဝက်မွေးမြူရေးကသူများဟာ ရောဂါဖြစ်ပွားတဲ့ဝက်တွေကို မိမိရဲ့ ကိုယ်ကျိုးကိုသာရှေးရှုပြီး စည်းကမ်းမဲ့စွာ လျှော့ဈေးနဲ့ရောင်းချခဲ့တဲ့အတွက် ရောဂါမဖြစ်ပွားတဲ့ ရပ်ကွက်ကျေးရွာများကို ကူးစက်ပြီး ရောဂါပျံ့နှံ့မှုမြန်ဆန်စွာသေဆုံးမှုမြင့်မားပြီး ဆုံးရှုံးမှုပိုမိုများပြားခဲ့ကြောင်းကို ဖြေကြားအပ်ပါတယ်။ အဓိကအားဖြင့်တော့ စီးပွားရေးအရ ကိုယ်ကျိုးစီးပွားကို ဦးစွာရှေ့တန်းရှိနေတဲ့အလျောက် ဒီလိုထိန်းကျောင်းရမယ့်ကိစ္စရပ်တွေကို မိမိတို့ရဲ့မွေးမြူရေးလုပ်ငန်းရှင်များမှာ အသီးသီးတာဝန်ယူ၊ တာဝန်ခံ ထိန်းကျောင်းသွားရမယ့်အနေအထားမျိုး ဖြစ်ပါတယ်။ ကြက်မွေးမြူသလို ကြက်တစ်ကောင် ကြက်ငှက်တုပ်ကွေးဖြစ်လို့ရှိရင်တော့ ရောဂါဖြစ်တဲ့ ကြက်ခြံတစ်ခြံလုံးကို ခြံလုံးကျွတ်သုတ်သင်မှုဆောင်ရွက်ရတဲ့အလျောက် ကြက်နှင့်ပတ်သက်ပြီးတော့ ကြက်ငှက်တုပ်ကွေးရောဂါကြောင့် အထောက်အပံ့တွေကို ပေးရတဲ့အနေအထားမျိုးလည်း ရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီလိုကိစ္စရပ်မျိုးတွေ ဖြစ်ပေါ်လာမယ်ဆိုရင် မိမိမွေးမြူရေးလုပ်ငန်းပိုင်ရှင်များဟာလည်းပဲ မိမိတို့ရဲ့မွေးမြူရေးလုပ်ငန်းများအပေါ်မှာ မွေးမြူရမယ့်ကျင့်စဉ်အရ လိုက်နာဆောင်ရွက်ပြီးတော့မှ ထိန်းကျောင်းဆောင်ရွက်ရမယ့်အခြေအနေမျိုးရှိတဲ့အလျောက် ဒီဟာတွေကိုသာလျှင် အကုန်လုံးအထောက်အပံ့ပြုရမယ်ဆိုရင် နိုင်ငံတော်အတွက်လည်း ဝန်ထုပ်ဝန်ပိုးဖြစ်သွားမယ့် အခြေအနေမျိုးလည်း ရှိမယ့်အခြေအနေဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဝက်နားရွက်ပြာရောဂါကြောင့် မိမိတို့စောင့်ထိန်းရမယ့်အနေအထားပေါ်မှာ ဝက်ခြံတွေကလည်း မစောင့်ထိန်းနိုင်တဲ့အတွက် မွေးမြူရေးသမားများကလည်းပဲ မိမိရဲ့ကိုယ်ကျိုးကိုသာ ရှေးရှုပြီးဆောင်ရွက်တဲ့အလျောက် ဒီလိုကိစ္စရပ်များမှာ မိမိတို့နိုင်ငံတော်အနေနဲ့လည်းပဲ ဒါကို အထောက်အပံ့ပေးနိုင်မှုအနေအထားမျိုးမရှိတဲ့ အခြေအနေမျိုးဖြစ်တယ်ဆိုတဲ့အခြေအနေအထိဖြစ်ပါကြောင်း လွှတ်တော်ကိုယ်စားလှယ်ရဲ့မေးခွန်းအပေါ်မှာ ပြန်လည်ဆက်စပ်ပြီး ရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီမေးခွန်းဟာ အင်မတန်မှ ကောင်းမွန်တဲ့မေးခွန်းပဲ ဖြစ်ပါတယ်။ မိမိတို့နိုင်ငံအဝန်းမှာ ကြက်ငှက်တုပ်ကွေးများဖြစ်လာရင် ဘယ်လိုမူဝါဒချမှတ်သလဲဆိုတာ ရှိပေမဲ့လို့ ဝက်မွေးမြူရေးမှာကျတော့လည်း ဒီလိုရောဂါကျရောက်လာမယ်ဆိုလို့ရှိရင် ဘယ်လိုဆောင်ရွက်မယ်ဆိုတဲ့ မူဝါဒအမြန်ချမှတ်ပြီးဆောင်ရွက်ဖို့ သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့ ညှိနှိုင်းဆောင်ရွက်ပေးဖို့ မိမိတို့လွှတ်တော်ဥက္ကဋ္ဌအနေနဲ့ မေတ္တာရပ်ခံလိုပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။

**ဦးအောင်ကြည်သိန်း၊ ချောင်းဆုံမဲဆန္ဒနယ်က နိုင်ငံတော်၏ လယ်ယာကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးအတွက် ပင်မအရင်းအမြစ်တစ်ခုဖြစ်သည့် မျိုးစေ့ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးနှင့် လက်တွေ့ကျကျအကျိုးရှိထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့်အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၂ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ချောင်းဆုံမဲဆန္ဒနယ်မှ ဦးအောင်ကြည်သိန်းက အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဦးအောင်ကြည်သိန်းအား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးအောင်ကြည်သိန်း(ချောင်းဆုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများအားလုံး ကျန်းမာရွှင်လန်းကြပါစေကြောင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ ချောင်းဆုံမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြည်သိန်း ဖြစ်ပါတယ်။ နိုင်ငံတော်၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပင်မအရင်းအမြစ်တစ်ခုဖြစ်သည့် အရည်အသွေးကောင်းမျိုးစေ့နှင့် မျိုးပွားအစိတ်အပိုင်းများကို တောင်သူလယ်သမားများ ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်သုံးစွဲလာနိုင်ရေးကို ဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံတကာဈေးကွက်တွင် ယှဉ်ပြိုင်နိုင်သည့် လယ်ယာထုတ်ကုန်များကို တိုးတက်ထုတ်လုပ်လာနိုင်ပြီး တောင်သူလယ်သမားများ၏ ဝင်ငွေနှင့်လူနေမှုဘဝ ပိုမိုမြင့်မားလာစေရေးအတွက် ရည်ရွယ်၍ အဆိုတစ်ရပ် တင်သွင်းသွားမှာဖြစ်ပါတယ်။ ယနေ့ကျင်းပပြုလုပ်တဲ့ ပြည်သူ့လွှတ်တော်အစည်းအဝေးမှာ ကျွန်တော်တင်သွင်းမယ့် အဆိုကတော့ နိုင်ငံတော်၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပင်မအရင်းအမြစ်တစ်ခုဖြစ်သည့် မျိုးစေ့ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးနှင့် လက်တွေ့ကျကျ အကျိုးရှိထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း အဆိုဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံတော်၏ လက်ရှိမျိုးစေ့နှင့်စပ်လျဉ်းသည့် သုတေသနပြုခြင်း၊ တင်သွင်း၊ တင်ပို့ခြင်းနှင့် ထုတ်လုပ်ဖြန့်ဖြူးခြင်းလုပ်ငန်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ဌာနနှင့် ဌာနခွဲအသီးသီးမှာလည်းကောင်း၊ ပြည်တွင်း၊ ပြည်ပပုဂ္ဂလိကလုပ်ငန်းရှင်များမှလည်းကောင်း၊ အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းရှင်များမှလည်းကောင်း၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများမှလည်းကောင်း၊ မိမိတို့အားသန်သလို ဆောင်ရွက်လျက်ရှိကြသော်လည်း အကြောင်းအမျိုးမျိုးကြောင့် အတိုင်းအတာတစ်ခုထိသာ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ကြသည်ကို တွေ့ရှိနေရပါတယ်။ သို့ဖြစ်ပါ၍ ပြုပြင်ပြောင်းလဲပြီး အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရာတွင် အောက်ပါလုပ်ငန်းစဉ်

များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သင့်ပါကြောင်း အဆိုပြုတင်ပြအပ်ပါတယ်။ (၁) မျိုးစေ့၊ မျိုးပွားလုပ်ငန်းကို လက်တွေ့ကျကျ ဆောင်ရွက်ခဲ့၊ ဆောင်ရွက်ဆဲဖြစ်သော အစိုးရအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ တက္ကသိုလ်အသီးသီးမှ ပညာရှင်များနှင့် အသေးစား၊ အလတ်စားလုပ်ငန်းများမှ ပညာရှင်များ၊ လုပ်ငန်းရှင်များ၊ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့် စိတ်ပါဝင်စားသူများအား စုစည်းဖိတ်ကြားကာ ဆွေးနွေးပွဲ၊ စာတမ်းဖတ်ပွဲများကျင်းပပြီး မျိုးစေ့ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒများချမှတ်ပြီး လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး၊ (၂) မျိုးစေ့နှင့် မျိုးအစိတ်အပိုင်းကော်မတီကို နည်းပညာကော်မတီများနှင့်ပူးပေါင်း၍ အလွှာစုံပါဝင်သော အင်အားတိုးမြှင့်ဖွဲ့စည်းပါရန်နှင့် ရာထူးတာဝန်များကို ဒီမိုကရေစီနည်းကျ တင်မြှောက်တာဝန်ပေးအပ်ပါရန် ယင်းကော်မတီအား မျိုးစေ့နှင့်မျိုးအစိတ်အပိုင်းဆိုင်ရာ တာဝန်နှင့်လုပ်ပိုင်ခွင့်များ အပြီးအပြတ်အပ်နှံပေးရေး၊ (၃) အောက်ခြေနယ်ပယ်အသီးသီးတွင် တောင်သူလယ်သမားများအား လက်တွေ့ဦးဆောင်နိုင်သည့် လူငယ်ပညာရှင်များကို ထိထိရောက်ရောက် စိစစ်ရွေးထုတ်ပြီး လေ့ကျင့်ပညာပေးပါရန်၊ (၄) လူငယ်များကို ရွေးချယ်ရာတွင် စိုက်ပျိုးရေးဘွဲ့ရနှင့် ဒီပလိုမာများကိုသာမက လုပ်ငန်းနှင့်ပတ်သက်ဆက်နွယ်နေသော ရုက္ခဗေဒ၊ ဓာတုဗေဒနှင့် ဇီဝကမ္မနည်းပညာဘွဲ့ရလူငယ်များကိုပါ ထည့်သွင်းစဉ်းစားအင်အား တိုးမြှင့်ပါရန်၊ (၅) လူငယ်များအား နည်းပညာအပြင် ကျင့်ဝတ်စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့် ဆင်ခြင်တုံတရားရင့်သန်စေမည့် အသိပညာများကိုပါ လေ့ကျင့်ပညာပေးမွေးမြူပါရန်၊ (၆) လက်ရှိတာဝန်ထမ်းဆောင်ဆဲ အစိုးရ၊ ကုမ္ပဏီ၊ ပုဂ္ဂလိကအဖွဲ့အစည်းများမှ လူငယ်ပညာရှင်များကိုပါ ဘက်စုံလေ့ကျင့်ပညာပေးပါရန်၊ (၇) လက်တွေ့စိုက်ပျိုးထုတ်လုပ်ပညာပေး လေ့ကျင့်ပေးနိုင်မည့် နိုင်ငံတော်ပိုင်ခြံနှင့် စိုက်ကွင်းကြီးများကို တိုင်းဒေသကြီး/ပြည်နယ်အလိုက် ပြန်လည်တည်ထောင်ပေးပါရန်နှင့် အဆင့်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးပါရန်၊ (၈) တာဝန်ပေးအပ်ရာတွင် အရှုံးမဖက်၊ အမြတ်ထွက်စေရမည်ဟူသောမူကို တိတိကျကျသတ်မှတ်ညွှန်ကြားချထားပေးပါရန်၊ (၉) သုတေသနပြုလုပ်ငန်းတွင် လက်ရှိအားနည်းမှုများရှိသော စပ်မျိုး၊ ဗီဇပြုပြင်မျိုး၊ တစ်ရှူးမျိုးပွားမျိုးများ မျိုးသစ်တီထွင်ထုတ်လုပ်နိုင်ရေးအတွက် မူပိုင်ခွင့် အခွင့်အရေးများပေးလျက် အားပေးမြှင့်တင်ပေးရန်၊ (၁၀) လေ့ကျင့်သားရပြီး လူငယ်ပညာရှင်များကို ကျွမ်းကျင်အသိအမှတ်ပြုလက်မှတ်များ ချီးမြှင့်အပ်နှင်းပြီး လိုအပ်သော အစိုးရ၊ ပုဂ္ဂလိကလုပ်ငန်းခွင်များတွင် ခန့်အပ်နိုင်ရေးနှင့် တာဝန်များနှင့်လုပ်ပိုင်ခွင့်များအပ်နှံနိုင်ရေး စီစဉ်ညွှန်ကြားပေးပါရန်၊ (၁၁) အစိုးရနှင့် ပုဂ္ဂလိကမှ တောင်သူလယ်သမားများနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း၊ တောင်သူလယ်သမားအကျိုးငှာ ဆောင်ရွက်ခြင်းပြုရမည့်လုပ်ငန်းများကို ဆောင်ရွက်ရာတွင် အကျိုးအမြတ်ကို မထိခိုက်စေရေးအတွက် အောက်ပါအတိုင်း စိစစ်ဆောင်ရွက်ပေးပါရန်၊ (က) ရေတော်၊ မိုးတော်ဒေသဖြစ်ခြင်း၊ (ခ) လုံခြုံရေး၊ ဆက်သွယ်ရေးနှင့် လမ်း၊ တံတားကောင်းမွန်သောဒေသဖြစ်ခြင်း၊ (ဂ) တောင်သူအများစု စိတ်ဓာတ်နှင့် အမူအကျင့်ကောင်းမွန်သောဒေသဖြစ်ခြင်း၊ (ဃ) အများ၏ဆန္ဒနှင့်အညီ ပူးပေါင်းဆောင်ရွက်လိုသူများသောဒေသဖြစ်ခြင်း၊ (င) သီးထပ်၊ သီးညှပ်စိုက်ပျိုးဖြစ်ထွန်းနိုင်သောဒေသဖြစ်ခြင်း၊ (စ) အကျိုးတူပူးပေါင်းဆောင်ရွက်မှုနှင့်ပတ်သက်၍ တိကျသော နှစ်ဦးနှစ်ဖက်ကတိပြုလွှာရေးထိုးရန် ညှိနှိုင်းနိုင်မည့် အလားအလာရှိခြင်း၊ (၁၂) စုစည်းရရှိလာသော စိုက်ပျိုးသူနှင့် နယ်ပယ်ဒေသအလိုက် အစိုးရလုပ်ငန်းရှင်၊ ပညာရှင်၊ တောင်သူလယ်သမားများပါဝင်သော ဦးဆောင်ကော်မတီများဖွဲ့စည်းပြီး

မျိုးသန့်ထုတ်လုပ်မှုအစီအစဉ်များ လုပ်ငန်းဇယားရေးဆွဲဆောင်ရွက်ပေးပါရန်၊ (၁၃) မျိုးထုတ်စိုက်ပျိုးသူများအတွက် လိုအပ်သောပံ့ပိုးပစ္စည်း၊ စက်ကိရိယာနှင့် အရင်းအနှီးများ သက်သာလွယ်ကူစွာ ရရှိနိုင်ရေး၊ ထွက်ရှိသီးနှံများ တွက်ခြေကိုက်ဈေးနှုန်းရရှိရေးအတွက် နိုင်ငံတော်အစိုးရမှ ပြည်တွင်း၊ ပြည်ပ စီးပွားရေးအဖွဲ့အစည်းများနှင့် ချိတ်ဆက်ကူညီပေးပါရန်၊ (၁၄) မျိုးစိုက်ဒေသများအနက် အလား အလာရှိသောဒေသများကို မျိုးသန့်စံပြဇုန်များသတ်မှတ်၍ တောင်သူများအား လက်တွေ့ပြသပေးပါရန် ယင်းအတွက် တောင်သူပညာပေးရန်ပုံငွေများ ပွင့်လင်းမြင်သာစွာဖြင့် သီးသန့်ပံ့ပိုးချထားပေးပါရန်၊ (၁၅) မျိုးသန့်မျိုးစေ့များကို ဝယ်ယူအစားထိုးရန် မတတ်နိုင်သော တောင်သူများအား မျိုးလဲလှယ်ပေးသည့် အစီအစဉ်များကို နိုင်ငံတော်အစိုးရမှ ကျခံရင်းနှီးပံ့ပိုးပေးပါရန်၊ (၁၆) အကျိုးအမြတ်ကို သိသာထင်ရှားစွာ သိရှိသုံးသပ်နိုင်ရေးအတွက် လုပ်ငန်းမှတ်တမ်းများ၊ ပစ္စည်းနှင့်ငွေကြေးသုံးစွဲမှုစာရင်းဇယားများ၊ တောင်သူ၏ မူလအထွက်နှုန်း Anigenous Yield မှတ်တမ်းထားရှိပြီး အကျိုးအမြတ်ကို တွက်ချက်နိုင်ရေးညွှန်ကြားပေးပါရန်၊ (၁၇) အကျိုးအမြတ်ရရှိပြီးသော လုပ်ငန်းများအပေါ် နိုင်ငံတော်အတွက် အခွန်အရပ်ရပ်အပြည့်အဝကောက်ခံရရှိရေး၊ ဥပဒေပြုပြင်ရေးဆွဲပေးပါရန် လို့ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အထက်ပါအစီအမံများကို ကျိုးပမ်းဆောင်ရွက်လာနိုင်မည်ဆိုပါက လက်ရှိအနေအထားမှသည် မျိုးစေ့နှင့်မျိုးအစိတ်အပိုင်းများ ဖွံ့ဖြိုးတိုးတက်ရေးသာမက သီးနှံစုံအတွက် တိုးချဲ့ထုတ်လုပ်လာနိုင်ခြင်း၊ လူငယ်ထု၏စွမ်းရည်မြှင့်တင်ပေးနိုင်သဖြင့် လူသားအရင်းအမြစ်အဖြစ် ဖွံ့ဖြိုးတိုးတက်လာနိုင်ခြင်း၊ နိုင်ငံတော်၏ လယ်ယာကဏ္ဍတွင် အခြားသောနည်းပညာများကိုပါ ပြန့်နှံ့စီးဝင်လာနိုင်ခြင်း၊ နိုင်ငံနှင့်တောင်သူလယ်သမားများအပါအဝင် ပြည်သူလူထု၏ ဝင်ငွေတိုးတက်လာနိုင်ခြင်းတို့အား အထောက်အကူများစွာဖြစ်စေနိုင်မည်ဟု ယုံကြည်ပါတယ်။ သို့ဖြစ်ပါ၍ နိုင်ငံတော်၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပင်မအရင်းအမြစ်တစ်ခုဖြစ်သည့် မျိုးစေ့နှင့်မျိုးပွားအစိတ်အပိုင်းများ၏ အရည်အသွေးနှင့် အထွက်နှုန်းမြင့်မားတိုးတက်ရေးနှင့် လက်တွေ့လုပ်ငန်းခွင်များတွင် အကျိုးရှိထိရောက်စွာ ကျယ်ကျယ်ပြန့်ပြန့်ထုတ်လုပ်အသုံးပြုနိုင်ရေး အရှိန်အဟုန်မြင့်တင်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူ့လွှတ်တော်သို့ တင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးအောင်ကြည်သိန်း တင်သွင်းသွားတဲ့အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်သီ(လွိုင်လင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ပြည်ထောင်စုဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သီ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌခင်ဗျား။ ချောင်းဆုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြည်သိန်း၏ နိုင်ငံတော်၏ လယ်ယာကဏ္ဍ

ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပင်မအရင်းအမြစ်တစ်ခုဖြစ်သည့် မျိုးစေ့ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးနှင့် လက်တွေ့ကျကျ အကျိုးရှိရှိ ထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို ထောက်ခံတင်ပြမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌခင်ဗျား။ မြန်မာနိုင်ငံဟာ စိုက်ပျိုးရေးကို အခြေခံပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရမည့် နိုင်ငံဖြစ်ပါတယ်။ စိုက်ပျိုးရေးလုပ်ငန်းရဲ့ အခြေခံသွင်းအားစုများဖြစ်တဲ့ မျိုးစေ့မြေဩဇာနှင့် ပိုးသတ်ဆေးကဏ္ဍရပ်များမှာ မျိုးစေ့ဟာ အခြေခံအကျဆုံး သွင်းအားစုဖြစ်ပါတယ်။ သီးနှံစိုက်ပျိုးထုတ်လုပ်မှုတွင် မျိုးစေ့ကြောင့် သီးနှံထွက်နှုန်း တိုးတက်မြင့်မားအောင် ဆောင်ရွက်နိုင်မှုသာလျှင် ၂၀ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းအထိရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။ မျိုးစေ့ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မျိုးစေ့ဥပဒေ၊ မျိုးစေ့မူဝါဒများ ချမှတ်ဆောင်ရွက်လျက်ရှိပြီး လက်ရှိတွင် နိုင်ငံတော်၏အခြေအနေအရ အစိုးရကဏ္ဍမှ ဦးဆောင် ဆောင်ရွက်နေသော်လည်း အနာဂတ်ကာလဟာ ပြည်တွင်း၊ ပြည်ပ ပုဂ္ဂလိကအခန်းကဏ္ဍမှ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများပေါ်ပေါက်လာအောင် Private Public Partner Ship ဆောင်ရွက်ခြင်းဖြင့် မျိုးစေ့ကဏ္ဍဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ အရှေ့တောင်အာရှနိုင်ငံများမှာ မျိုးစေ့ကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် နိုင်ငံတော်နှင့် ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုအစီအစဉ်များဖြင့် မျိုးစေ့ထုတ်လုပ်မှုလုပ်ငန်းများဆောင်ရွက်ခြင်း၊ အများပိုင်ကုမ္ပဏီအသင်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခြင်း၊ မျိုးစေ့ဈေးကွက်ခိုင်မာမှုနှင့် အာမခံချက်ရှိသောမျိုးစေ့များ လွယ်လင့်တကူ ဝယ်ယူသုံးစွဲစိုက်ပျိုးနိုင်အောင် ဆောင်ရွက်ပေးခြင်းဖြင့် စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများအတွက် မျိုးစေ့လုံခြုံစိတ်ချမှုရှိအောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။ ယခုလက်ရှိအခြေအနေနဲ့ နိုင်ငံတော်အတွင်း မျိုးစေ့ကဏ္ဍနှင့်ပတ်သက်ပြီး နိုင်ငံခြားမှတင်သွင်းသည့် ပမာဏများပြားနေပြီး ပြည်ပသို့ ပြန်လည်တင်ပို့နိုင်တဲ့ပမာဏ လွန်စွာနည်းပါးနေကြောင်း လေ့လာတွေ့ရှိရပါတယ်။

မျိုးစေ့ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုသာလျှင် ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုများမှ ပြည်တွင်းတွင် မျိုးစေ့ထုတ်စိုက်ခင်းများ ထူထောင်နိုင်ပြီး နိုင်ငံခြားငွေ သုံးစွဲမှုလျော့နည်းလာမည်ဖြစ်သည့်အပြင် အလုပ်အကိုင်အခွင့်အလမ်းနှင့် ကျွမ်းကျင်တဲ့ မျိုးစေ့ထုတ်ပညာရှင်များ ပိုမိုတိုးတက်လာမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ သို့ဖြစ်ပါ၍ စီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် စိုက်ပျိုးရေးလုပ်ငန်း၏ အခြေခံကျသော မျိုးစေ့ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍစုံမှ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သင့်ပါသဖြင့် ချောင်းဆုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြည်သိန်း၏ နိုင်ငံတော်၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပင်မအရင်းအမြစ်တစ်ခုဖြစ်သည့် မျိုးစေ့နှင့် မျိုးပွားအစိတ်အပိုင်းများ၏ အရည်အသွေးနှင့် အထွက်နှုန်းတိုးတက်မြင့်မားရေးနှင့် လက်တွေ့လုပ်ငန်းခွင်များတွင် အကျိုးရှိရှိထိရောက်စွာ ကျယ်ကျယ်ပြန့်ပြန့်ထုတ်လုပ် အသုံးပြုနိုင်ရေး အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို ထောက်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ချောင်းဆုံမဲဆန္ဒနယ်မှ ဦးအောင်ကြည်သိန်း တင်သွင်းသွားတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကထောက်ခံသွားပါတယ်။ ဒီအဆိုနှင့် စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၃)အရ လက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒ ရယူပါ့မယ်။ ဦးအောင်ကြည်သိန်း တင်သွင်းသွားတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဦးအောင်ကြည်သိန်း၊ ချောင်းဆုံမဲဆန္ဒနယ်က တင်သွင်းသော နိုင်ငံတော်၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပင်မအရင်းအမြစ်တစ်ခုဖြစ်သည့် မျိုးစေ့ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်တွေ့ကျကျအကျိုးရှိ ထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။

## ဦးအောင်ကြည်သိန်း၊ ချောင်းဆုံမဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၃ ဖြစ်ပါတယ်။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၅)အရ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ၂၂-၁-၂၀၁၉ ရက် (အင်္ဂါနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန်ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဥပဒေကြမ်းကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၄ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်တင်သွင်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့ထားသော လုပ်ငန်းဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဥပဒေကြမ်းကို ၁၉-၁၂-၂၀၁၈ ရက်နေ့မှာ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြင်ဆင်ချက်မိတ္တူများကိုလည်း ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အပေါ် ဆွေးနွေးရန်အဆိုတင်သွင်းလိုသူများအနေနဲ့ ပြင်ဆင်လိုသည့်ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာတို့ကို တိတိကျကျဖော်ပြ၍ ၂၃-၁-၂၀၁၉ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန် ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**မူကြမ်း**

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော စားသုံးသူကာကွယ်ရေး ဥပဒေကြမ်းကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေး၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့ထားသော စားသုံးသူကာကွယ်ရေးဥပဒေကြမ်းကို ၁၉-၁၂-၂၀၁၈ ရက်နေ့မှာ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြင်ဆင်ချက်မိတ္တူများကို ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အပေါ် ဆွေးနွေးရန်အဆိုတင်သွင်းလိုသူများအနေနဲ့ ပြင်ဆင်လိုသည့်ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၂၃-၁-၂၀၁၉ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်(အင်္ဂါနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေး ပြီးဆုံးကြောင်း ကြေညာအပ်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၂၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့ကို ၁၂း၂၀ နာရီ အချိန်တွင် ရပ်နားပါသည်။]

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့ (၂၁.၁.၂၀၁၉) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ




U Aung Hla Tun | U Myint Lwin




U Aung Htoo | U Sai Ngaung Seng Hein




U Aung Htoo | U Nyan Hein




U Hla Kyaw | Daw Cho Cho




U Hla Kyaw | U Nyunt Aung




U Hla Kyaw | Dr Khin Si Thu

pyithu.hluttaw.mm



U Hla Kyaw



U Myo Zaw Aung

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်